# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး

# (၂၄) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်

## (၂၀၁၃ ခုနှစ်၊ မတ်လ ၈ ရက်)

## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး ရှိတဲ့အနက် ၃၂၉ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၇၇.၂၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပ ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွား ပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၈-၃-၂၀၁၃ ရက်နေ့မှာ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့သို့ တက်ရောက်သူ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ၃၂၉ ဦးရှိပြီး ခွင့်ပန်ကြားသူ ၉၇ ဦးရှိပါတယ်။ ၉၇ ဦးအနက် ၄၈ ဦးက ယခင်ကတည်းက ခွင့်ပန်ကြားထားသူဖြစ်တဲ့အတွက် ယနေ့ခွင့်ပန်ကြားသူ ၄၉ ဦး ရှိပါတယ်။ ခွင့်ပန် ကြားထားသူများမှာ-

(၁) ကော့ကရိတ်မဲဆန္ဒနယ်မှ ဦးသူရိန်ဇော်၊

(၂) မံစီမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၊

(၃) ထန်းတပင်မဲဆန္ဒနယ်မှ ဦးစိန်ထွန်း၊

(၄) ပွင့်ဖြူမဲဆန္ဒနယ်မှ ဒေါက်တာအောင်မိုးညို၊

(၅) မကွေးမဲဆန္ဒနယ်မှ ဦးမြင့်သိန်း၊

(၆) မြိုင်မဲဆန္ဒနယ်မှ ဦးမြင့်အောင်၊

(၇) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို၊

(၈) ငါန်းဇွန်မဲဆန္ဒနယ်မှ ဒေါက်တာမြဦး၊

(၉) ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ၊

(၁၀) နမ့်ဆန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဆွေ၊

(၁၁) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့်၊

(၁၂) တာမွေမဲဆန္ဒနယ်မှ ဒေါ်လှဲ့လှဲ့ဝင်းဆွေ၊

(၁၃) ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့်၊

(၁၄) ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း၊

(၁၅) လားရှိုးမဲဆန္ဒနယ်မှ ဦးစိုင်းမြင့်အေး၊

(၁၆) လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်း၊

(၁၇) ပုဇွန်တောင်မဲန္ဒနယ်မှ ဦးအောင်ဇင်၊

(၁၈) အရာတော်မဲဆန္ဒနယ်မှ ဦးကျော်မြင့်၊

(၁၉) ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့်၊

(၂၀) ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းကြည်၊

(၂၁) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ၊

(၂၂) ဒဂုံမြို့သစ်အရှေ့ပိုင်းမဲဆန္ဒနယ်မှ ဦးမြင့်သူ၊

(၂၃) သာကေတမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး၊

(၂၄) ရေကြည်မဲဆန္ဒနယ်မှ ဦးမောင်မောင်တင်၊

(၂၅) ကျုံပျော်မဲဆန္ဒနယ်မှ ဒေါက်တာစိုးသူရ၊

(၂၆) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး၊

(၂၇) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟန်စိန်၊

(၂၈) မင်းဘူးမဲဆန္ဒနယ်မှ ဦးအေးသူ၊

(၂၉) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင်၊

(၃၀) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း၊

(၃၁) မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန်၊

(၃၂) ကျွန်းလှမဲဆန္ဒနယ်မှ ဦးကျော်ညွန့်၊

(၃၃) မြောင်းမြမဲဆန္ဒနယ်မှ ဦးမန်းဂျော်နီ၊

(၃၄) သယ်ာန်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်၊

(၃၅) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ဦး၊

(၃၆) လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်၊

(၃၇) ဆိပ်ကမ်းမဲန္ဒနယ်မှ ဒေါက်တာနေလင်း၊

(၃၈) ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး၊

(၃၉) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ၊

(၄၀) လောင်းလုံမဲဆန္ဒနယ်မှ ဦးအောင်စိုး၊

(၄၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးစိုးလင်းမောင်၊

(၄၂) တီးတိန်မဲဆန္ဒနနယ်မှ ဦးပုမ်ခန့်အင်၊

(၄၃) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးပေါခင်၊

(၄၄) ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါက်တာဇော်မြင့်မောင်၊

(၄၅) တံတားဦးမဲဆန္ဒနယ်မှ ဒေါ်ခင်သန္တာ၊

(၄၆) မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွှေးလွင်၊

(၄၇) ကလောမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ၊

(၄၈) သနပ်ပင်မဲဆန္ဒနနယ်မှ ဦးမြင့်ဦးနှင့်

(၄၉) လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း တို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၈ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၄၉ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၉၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါ့မယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်သို့ ကျွန်တော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အောက်ပါအတိုင်း တင်ပြခဲ့ပါတယ်။ ကျွန်တော်တို့လွှတ်တော်ဟာ ပြည်သူလူထုအကျိုး၊ ပြည်ထောင်စုအကျိုးကို ကာကွယ်စောင့်ရှောက်သောဥပဒေများ၊ ပြည်ထောင်စုအကျိုး၊ ပြည်သူ့အကျိုးကိုဖြစ်ထွန်းစေသော ဥပဒေများ ပြုဖို့အဓိကတာဝန်ရှိပြီး တာဝန်ကျေအောင်ဆောင်ရွက်နေကြရမှာဖြစ်ပါတယ်။ ဥပဒေပြုတယ်ဆိုရာမှာ အသစ်ပြဋ္ဌာန်းခြင်း၊ တည်ဆဲဥပဒေများအားပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အစားထိုးခြင်းတို့ပါဝင်ပါတယ်။ ဒါဟာလည်း ပြည်ထောင်စုလွှတ်တော်ရဲ့အဓိကတာဝန်တစ်ရပ် ဖြစ်ပါတယ်။ ဥပဒေတစ်ရပ်ဖြစ်လာရင် ထိုဥပဒေဟာ ပြည်သူပြည်သားတွေလိုက်နာနိုင်သော တရားမျှတသောဥပဒေများဖြစ်ဖို့လိုပါတယ်။ တရားမျှတမှုမရှိသောဥပဒေများဖြစ်လျှင် ၎င်းကိုအကြောင်းပြုပြီး မလိုက်နာနိုင်ကြတဲ့ ပြည်သူတွေဟာ အလိုအလျောက်ဥပဒေချိုးဖောက်သူတွေ၊ လိုက်နာရန် ပျက်ကွက်သူတွေဖြစ်ပြီး ပြစ်ဒဏ်တွေခံရလျှင်ဝမ်းနည်းစရာကောင်းပါတယ်။ နိုင်ငံ့စည်းလုံးညီညွတ်မှုအားနှင့် စွမ်းဆောင်မှု

အားတွေယုတ်လျော့သွားစေပါတယ်။ ဒါကြောင့် ဥပဒေအရပ်တိုင်းမှာ အကြောင်းအကျိုးလျော်ညီသော၊ တရားမျှတသော၊ အားလုံးကလိုက်နာသင့်သော၊ လိုက်နာနိုင်သောဥပဒေများ ဖြစ်ဖို့လိုပါတယ်။ အခွန်အခကောက်ယူနေခြင်းကိစ္စနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးသုံးသပ်မှုများရှိပါတယ်။ ဒါဟာ အကြောင်းအကျိုးလျော်ညီပြီး တရားမျှတသော ဥပဒေကောင်းဖြစ်ဖို့ လုပ်ဆောင်နေကြတာပဲဖြစ်ပါတယ်။ သို့ရာတွင် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည့် တင်ပြချက်များတွင် ကဏ္ဍအလိုက်၊ နယ်ပယ်အလိုက်၊ လုပ်ငန်းအလိုက်ကောက်ခံကြမည့် နှုန်းထားနှင့် ကောက်ခံမှုပုံစံနည်းလမ်းများကို ပြည်ထောင်စုလွှတ်တော်နှင့် ပြည်သူ့ကိုယ်စားလှယ်များအား အသိပေးတင်ပြရန်လိုအပ်ပါတယ်။ ထိုအခါကျမှသာ ပြည်သူ့ကိုယ်စားလှယ်များက ဆွေးနွေးဆုံးဖြတ်ပြီး အတည်ပြုပြဋ္ဌာန်းပေးနိုင်မှာဖြစ်လို့ အခွန်အခကောက်ခံနေသည့် ဌာနအသီးသီးမှ လာမည့်ဘဏ္ဍာနှစ်အတွင်း ကောက်ခံမည့်အခွန်အခဆိုင်ရာ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များကိုလွှတ်တော်သို့ အမြန်ဆုံးတင်ပြရန်လိုအပ်ပါတယ်။ တင်ပြလာသောဥပဒေကြမ်းများကိုလည်း ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်ကြရမည့် သက်ဆိုင်ရာဌာနများဆွေးနွေးကြမှသာ အများပြည်သူသို့ အမှန်တကယ်လိုက်နာဆောင်ရွက်နိုင်သော အခွန်အခဆိုင်ရာဥပဒေကောင်းများ ပေါ်ထွက်လာပြီး နိုင်ငံတော်အကျိုးစီးပွားဖြစ်ထွန်းစေမှာဖြစ်ပါတယ်။ သို့မှသာ ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုပိုမိုရရှိလာပြီး ယနေ့ကြုံတွေ့နေရသော အခွန်အခဆိုင်ရာများနှင့်စပ်လျဉ်းသောကိစ္စရပ်များဖြစ်သည့် အခွန်ရှောင်ခြင်း၊ ပုန်းကွယ်ခြင်း၊ အခွန်ဆောင်သူနှင့် အခွန်စည်းကြပ်သူအကြားဖြစ်ပေါ်လေ့ရှိတတ်သော အဂတိတရား၊ လာဘ်ပေးလာဘ်ယူမှုနှင့် မဖွယ်မရာပြုမှုများကို ကျော်လွှားနိုင်မှာ ဖြစ်ပါတယ်။ ထိုအဖြေကောင်းနှင့် လုပ်နည်းလုပ်ဟန်များ ရရှိရေးအတွက် အခွန်ထမ်းများ၊ ပြည်သူများနှင့် ပြည်သူ့ကိုယ်စားလှယ်များ၏ အကြံဉာဏ်နှင့် ပူးပေါင်းပါဝင်မှုများဟာ များစွာအကျိုးရှိနိုင်မှာဖြစ်ပါတယ်။ တင်ပြချက်အပေါ် ယနေ့တော့ ယင်းကိစ္စအတွက်ဆောင်ရွက်နိုင်ဖို့ ကြိုတင်ခွင့်တောင်းထားတဲ့ ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ ယနေ့လွှတ်တော်ရဲ့ပြင်ပကော်မတီအလိုက်သော်လည်းကောင်း၊ ပူးပေါင်းဆောင်ရွက်မှုသော်လည်းကောင်း ဆောင်ရွက်ဖို့ ကြိုတင်ပြထားတာဖြစ်တဲ့အတွက် အခုချိန်ကစပြီး သက်ဆိုင်ရာလွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးခန်းမမှထွက်ခွာနိုင်ပါပြီ။

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါ့မယ်။

**မြန်မာနိုင်ငံတွင် ငါးတက္ကသိုလ် Fisheries University ဖွင့်လှစ်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်းကိုယ်စား မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိန်ဝင်း(မအူပင်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အထူးဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ကတော့ မအူပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်းဖြစ်ပါတယ်။ ရန်ကုန်တိုင်း ဒေသကြီး၊ လမ်းမတော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းရဲ့ ငါးတက္ကသိုလ်နှင့်ပတ်သက်တဲ့မေးခွန်းကို ကျွန်တော်မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံဟာ အာဆီယံနိုင်ငံတွေထဲမှာ အကြီးဆုံးသောကုန်းမြေအဖြစ် အအေးပိုင်း၊ အပူပိုင်း၊ သမပိုင်းရာသီဥတုအခြေအနေ တစ်ကြိမ်တည်းနဲ့ ၃ မျိုးစလုံးတည်ရှိနေတဲ့ နိုင်ငံဖြစ်ပါတယ်။ ကျွန်တော်တို့ ကုန်းမြေဧရိယာရဲ့ ၆ ပုံ ၁ ပုံဟာ ၆ လအထိရေအောက်မှာရှိပါတယ်။ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်းစတဲ့မြစ်ကြီးများဟာ မြစ်ငယ်များဟာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်မှာရှိနေပါတယ်။ ဧရာဝတီမြစ်ကြီးဟာလည်း မြစ်ပေါက်ကြီး ၉ ပေါက်ရဲ့ လက်ယှက်ထိုး နေတဲ့ မြစ်လက်တက်ချောင်းငယ်များ၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသကြီးကို ဖြစ်ပေါ်စေလျက်ရှိပါ တယ်။ ရေချိုငါးလုပ်ငန်းမှအဓိကဖြစ်တဲ့ အင်းကြီး၊ အင်း ကောင်းပေါင်း ၃၅၀၀ ကျော်အပြင် ခေတ်အဆက်ဆက်ကတည်းကတည်ဆောက်ခဲ့တဲ့ ရေလှောင်ဆည်၊ ရေလွှဲဆည်များလည်း နိုင်ငံ တစ်နံတစ်လျားမှာရှိနေပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်ပေါင်း ၁၇၀၀ ကျော်ရှည်လျားတဲ့ မြန်မာ့ကမ်းရိုးတန်းဟာလည်း မြစ်ကြီး၊ မြစ်ငယ်များကပို့ချတဲ့ သဘာဝ မြေသြဇာများနဲ့ကြွယ်ဝနေတဲ့အပြင် ရေသတ္တဝါနှင့် အပင်များပေါက်ဖွားရာကျွန်းပေါင်း ၈၀၀ ခန့် ရှိပါတယ်။ ဒီလို ပေါကြွယ်ဝတဲ့ရေအရင်းအမြစ်တွေထဲမှာ ကျွန်တော်တို့ အားလုံးစားသုံးနေတဲ့ ငါးတွေရှိနေပါတယ်။ မြန်မာနိုင်ငံငါးလုပ်ငန်းဆိုင်ရာဥပဒေမှာ ငါးဆိုသည်မှာ ဘဝတစ်လျှောက်လုံး သော်လည်းကောင်း၊ ဘဝအစိတ်အပိုင်းသော်လည်းကောင်း ရေထဲတွင်နေထိုင်ကျက်စားသည့် ရေသတ္တဝါအားလုံး၊ ယင်းတို့၏ဥများ၊ သားလောင်းများ၊ သားပေါက်ကောင်များ၊ မျိုးများကိုဆိုပါတယ်။

ဒီ အမိပ္ပာယ်ရဲ့အဓိကကတော့ ငါးသတ္တဝါဟာ တစ်နည်းအားဖြင့် မိကျောင်း၊ လိပ်၊ ဖား၊ ဝေလနှင့် ရေနေနို့တိုက်မွေးမြူသော သတ္တဝါများ၊ ဂဏန်း၊ ပုဇွန်၊ ပြည်ကြီးငါး၊ ကျောက်ပွင့်၊ သန္တာခက်စသည်ဖြင့် များပြားစွာတည်ရှိနေတာကိုတွေ့ရှိရပါတယ်။ အဆိုပါငါးများကို နည်းအမျိုးမျိုးထုတ်လုပ်သုံးစွဲခဲ့ရာမှာ ငါးလုပ်ငန်းဆိုင်ရာစာရင်းဇယားများအရ ၂၀၁၁ ခုနှစ်မှာ တန်ချိန်သန်းပေါင်း ၄.၁ သန်းထုတ်လုပ်ခဲ့ကြောင်းသိရှိရပါတယ်။ ၂၀၁၀ ခုနှစ် ကုလသမဂ္ဂစားနပ်ရိက္ခာစိုက်ပျိုးရေးအဖွဲ့ FAO ရဲ့အစီရင်ခံစာထဲမှာ ကျွန်တော်တို့ရဲ့ရေချို၊ ရေငန်ငါးဖမ်းလုပ်ငန်းဟာ ကမ္ဘာ့အဆင့် ၁၀၊ ရေချိုငါးဖမ်းလုပ်ငန်းမှာ ကမ္ဘာ့အဆင့် ၄၊ ငါးမွေးမြူရေးမှာ ကမ္ဘာ့အဆင့် ၁၂ ဖြစ် ကြောင်းဖော်ပြလေ့လာတွေ့ရှိရပါတယ်။ GDP ရဲ့ ရာခိုင်နှုန်းမှာလည်း ၇.၆၂ အဆင့် ၅ နေရာမှာရပ်တည်ခဲ့ပါတယ်။ ငါးကဏ္ဍမှာ နိုင်ငံခြားဝင်ငွေရှာပေးနိုင်မှုကိုကြည့်မယ်ဆိုလည်း ယခင်နှစ်က အမေရိကန်ဒေါ်လာသန်း ၆၀၀ ကျော်တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒါတောင် စုစုပေါင်းငါးထုတ်လုပ်မှုရဲ့ ၁၀ ရာခိုင်နှုန်းခန့်သာတင်ပို့ရောင်းချရခြင်းဖြစ်ပါတယ်။ ယခုကဲ့သို့တင်ပြနေခြင်းမှာ ပြည်သူပြည်သားများနေ့စဉ်အသားဓာတ်ကို ဖြည့်ဆည်းပေးနေတဲ့ငါး၊ နိုင်ငံခြားဝင်ငွေတိုးတက်အောင် ရှာဖွေနိုင်တဲ့ငါး၊ ရာသီဥတုအလိုက်အမျိုးမျိုးမြောက်မြားစွာရှိနေတဲ့ငါးတွေရဲ့အရေးပါမှု၊ ပေါကြွယ်ဝမှု၊ အလားအလာရှိမှုတွေကို အကျဉ်းချုပ်တင်ပြရခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးရေး၊ သစ်တော၊ စီးပွားရေးကဏ္ဍများတွင် တက္ကသိုလ်ပညာရှိနေသော်လည်း ဤကဲ့သို့နိုင်ငံအတွက် များစွာအရေးပါသည့် ငါးကဏ္ဍနှင့်ပတ်သက်သည့် ငါးတက္ကသိုလ်မရှိသေးကြောင်း သတိပြုတင်ပြအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါငါးလုပ်ငန်းနှင့်ပတ်သက်ပြီး အမေရိကန်ပြည်ထောင်စု၊ နော်ဝေ၊ ရုရှား၊ ဂျပန်အပြင် အိမ်နီးချင်းနိုင်ငံများဖြစ်တဲ့ အိန္ဒိယ၊ ထိုင်း၊ ဗီယက်နမ်စတဲ့နိုင်ငံများမှာလည်း ငါးတက္ကသိုလ်များ အသီးသီးဖွင့်လှစ်ပြီး သင်ကြားပို့ချလျက်ရှိပါတယ်။ ဒါကြောင့် ရှေ့အလားအလာကောင်းများရှိတဲ့ သားငါးကဏ္ဍအတွက် ငါးတက္ကသိုလ်ဖွင့်လှစ်ပေးရန်နှင့်ပတ်သက်၍ မေးခွန်းခြင်းအပေါ်ဖြေကြားပေးပါရန်တင်ပြအပ်ပါတယ်။ အားလုံး မင်္ဂလာပါ။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်အေး(ဒုတိယဝန်ကြီး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းရဲ့ကိုယ်စား မအူပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်းကမေးမြန်းထားတဲ့ မြန်မာနိုင်ငံတွင် ငါးတက္ကသိုလ် Fisheries University ဖွင့်လှစ်ပေးရန် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ ငါးသယံဇာတများရေရှည်တည်တံ့ ထုတ်ယူသုံးစွဲနိုင်ရေးအတွက် ငါးလုပ်ငန်းဆိုင်ရာအသိအမြင်ဗဟုသုတများပြန့်ပွားရန်၊ ငါးလုပ်ငန်းစီမံခန့်ခွဲမှုများစနစ်တကျရှိစေပြီး နိုင်ငံတကာစံချိန်စံနှုန်းများနှင့်အညီ စီမံခန့်ခွဲဆောင်ရွက်နိုင်စေရန်၊ ငါးလုပ်ငန်းဆိုင်ရာဖွံ့ဖြိုးရေးနှင့် သုတေသနလုပ်ငန်းများကို ဒေသတွင်းအခြားနိုင်ငံများနဲ့တန်းတူဆောင်ရွက်နိုင်စေရန် မြန်မာနိုင်ငံငါးကဏ္ဍကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်မည့် ငါးလုပ်ငန်းတက္ကသိုလ်တစ်ခုကို ဖွင့်လှစ်နိုင်ရေးအတွက် နိုင်ငံတော် သို့မဟုတ် နိုင်ငံတကာအကူအညီအထောက်အပံ့များရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီးရရှိပါက ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ပထမနှစ်သင်တန်းလက်ခံဖွင့်လှစ်နိုင်ရေး မျှော်မှန်းဆောင်ရွက်လျက်ရှိပါတယ်။ ငါးလုပ်ငန်းတက္ကသိုလ်ထူထောင်ဖွင့်လှစ်နိုင်ခြင်းဖြင့် မြန်မာ့အဏ္ဏဝါနှင့် ကုန်းတွင်းပိုင်း ရေနေသယံဇာတများကို စနစ်တကျထုတ်ယူသုံးစွဲနိုင်မည့် ငါးလုပ်ငန်းဆိုင်ရာပညာဗဟုသုတကြွယ်ဝသည့် မျိုးဆက်သစ်ပညာတတ်ဝန်ထမ်းငယ်များကို မွေးထုတ်နိုင်ခြင်း၊ ရေလုပ်ငန်းဖြင့်အသက်မွေးဝမ်းကျောင်းပြုနေကြသည့် ရေလုပ်သားများသို့ ငါးဖမ်းဆီးခြင်း၊ ငါးမွေးမြူခြင်း၊ ပြုပြင်စီမံထုတ်လုပ်ခြင်းများကို စနစ်တကျပညာပေးဖြန့်ဝေနိုင်ခြင်း၊ ရေလုပ်သားများမှလည်း ရေလုပ်ငန်းဆိုင်ရာကုန်ထုတ်လုပ်ငန်းကြီးများကို နိုင်ငံတကာဈေးကွက်နဲ့အညီဆောင်ရွက်နိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများကိုတိုးတက်ရရှိ၍ ၎င်းတို့၏လူမှုစီးပွားရေးအခြေအနေများ တိုးတက်မြင့်မားလာခြင်းဖြင့် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခြင်းစသည့် အကျိုးကျေးဇူးများကိုရေရှည်ခံစားရရှိမည်ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းရဲ့ မြန်မာနိုင်ငံတွင်ငါးတက္ကသိုလ် (Fisheries University)

ဖွင့်လှစ်ရန်မေးခွန်းနှင့်ပတ်သက်၍ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် Fisheries University သို့မဟုတ် University of Fisheries Sciences ငါးလုပ်ငန်းတက္ကသိုလ်တစ်ခုတည်ရှိရန်သည် ခေတ်စနစ်နဲ့ လွန်စွာကိုက်ညီပြီး မပျက်မကွက်ဆောင်ရွက်ရန် လိုအပ်သည့်အတွက် အမျိုးသားဘက်စုံဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်းများ (National Comprehensive Development Plan-NCDP) တွင် နိုင်ငံတော်အဆင့်စီမံကိန်း National Project အဖြစ်ထည့်သွင်း ၍မိတ်ဖက်အလှူရှင်နိုင်ငံ Partner Donor Countries များ၏ပံ့ပိုးကူညီမှုဖြင့် အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်းနှင့် ငါးလုပ်ငန်းနှင့်ပတ်သက်၍ စိတ်ဝင်တစားမေးမြန်းပေးသည့် ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းနှင့် မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်းအား အထူးပင်ကျေးဇူးတင်ရှိကြောင်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**လွှတ်တော်ရုပ်မြင်သံကြားထုတ်လွှင့်မှုအစီအစဉ်အား MRTV -4 ကဲ့သို့ Free Channel အခမဲ့ ရုပ်သံလိုင်းတစ်လိုင်းအဖြစ် သီးသန့်အစီအစဉ်ဖြင့် ပြည်သူတို့အား ထုတ်လွှင့်ပြသရန်နှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ။** ။ အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)။** ။ မင်္ဂလာပါခင်ဗျား။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် စတုတ္ထပုံမှန်အစည်းအဝေး ကာလကတည်းက အားကစား၊ ယဉ်ကျေးမှု၊ ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီကိုယ်စား အဆိုတစ်ရပ်အဖြစ် တင်သွင်းခဲ့ တာ ဖြစ်ပါတယ်ခင်ဗျား။ ၎င်းအဆိုမှ မေးခွန်းအဖြစ်ပြောင်း၍ မေးခွန်းဖြစ်သွားတဲ့အတွက် လွှတ်တော် မှာ အခြားအရေးကြီးကိစ္စများဆောင်ရွက်ရန် ရှိကြောင်းကြားသိရတဲ့အတွက် အတိုချုံးမေးမြန်းခွင့် ပြုစေလိုပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ကျင်းပပုံတွေနှင့် ပြည်ထောင်စု လွှတ်တော်ကျင်းပပုံတွေကို Sky Net ရုပ်သံလိုင်းမှာ စတုတ္ထပုံမှန်အစည်းအဝေးမှ စပြီးတော့ ဇူလိုင်လ

၄ ရက်၊ ၅ ရက်နေ့မှစပြီးစမ်းသပ်ထုတ်လွှင့်မှုကစပြီး ယခုအချိန်အထိ ၂၄ နာရီ နှစ်နာရီနောက်ကျ ပတ်လည်ပုံစံနဲ့ ထုတ်လွှင့်ပြသနေတာကို သိရပါတယ်။ Sky Net ရုပ်သံရဲ့ လွှတ်တော် Channel အစီအစဉ်ကြောင့်မို့လို့လည်း ပြည်သူလူထုက လွှတ်တော်ရဲ့အသံကို တိုက်ရိုက်ကြားသိရလို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရတာကိုလည်း ကြားနေရပါတယ်။ လွှတ်တော်ရဲ့ဆောင်ရွက်ချက်များကို ချီးကျူးနေတာလည်း ကြားသိရပါတယ်။ သို့သော်လည်း လွှတ်တော် Channel ထုတ်လွှင့်မှုကို တစ်နိုင်ငံလုံး ပြည်သူတွေက ကြားသိနိုင်ဖို့အတွက် လွှတ်တော် Channel ကို အခမဲ့ထုတ်လွှင့်ပြသဖို့ လိုအပ်ပါတယ်။ သို့ပါ၍ ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတွေရဲ့ မျှော်လင့်ချက် လွှတ်တော် ကဖော်ဆောင်ရွက်ဆိုတဲ့ ဆောင်ပုဒ်နှင့်အညီ လွှတ်တော်ရဲ့ဆောင်ရွက်မှု တွေကို ပြည်သူတွေ တိုက်ရိုက်ကြည့်ရှုနိုင်ဖို့ အောက်ပါမေးခွန်းကို မေးမြန်းလိုပါတယ်။ လွှတ်တော် ရုပ်မြင်သံကြားထုတ်လွှင့်မှု အစီအစဉ်အား MRTV -4 နှင့်အခြား အခမဲ့ရုပ်သံလိုင်းများကဲ့သို့ Free Channel အခမဲ့ရုပ်သံလိုင်းတစ်လိုင်းအဖြစ် သီးသန့်အစီအစဉ်ဖြင့် ပြည်သူတို့အား ထုတ်လွှင့်ပြသရန် အစီအစဉ်ရှိ၊ မရှိ သိရှိလို ကြောင်းမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးပိုက်ထွေး(ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး ကာယစိတ္တနှစ်ဖြာသောသုခနှင့်ပြည့်ဝကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်း ဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်ရဲ့ မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ MRTV -4 ရုပ်သံလိုင်းဟာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ပုဂ္ဂလိက ဖက်စပ်ထုတ်လွှင့်ခြင်း ဖြစ်ပါတယ်။ MRTV -4 Free to Air အခမဲ့ရုပ်သံလိုင်းကို ရန်ကုန်၊ မန္တလေး၊ တောင်ကြီးမြို့များတွင်သာ ထုတ်လွှင့်လျက်ရှိပြီး ကျန်မြို့များမှာ Free to Air ဖမ်းယူမရနိုင်သေးတာကို တွေ့ရမှာ ဖြစ်ပါတယ်။ လောလောဆယ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဖက်စပ်ဖြစ်တဲ့ Sky Net က လွှတ်တော် Channel တစ်ခုကို ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတင်ပြုလုပ်တဲ့ ၄-၇-၂၀၁၂ ရက်နေ့က စတင်ပြီး ၂ နာရီခန့် နောက်ကျ Delay ဖြင့် လွှတ်တော်အစီအစဉ် အစအဆုံးထုတ်လွှင့်

ပေးပြီး မိဘပြည်သူများ ကြည့်ရှုနိုင်အောင် စီစဉ်ဆောင်ရွက်ထားခြင်း ဖြစ်ပါတယ်။ မြန်မာအသံနှင့် ရုပ်မြင်သံကြားအနေနဲ့ ရုပ်မြင်သံကြားအစီအစဉ်များကို Free to Air အခမဲ့ Channel အဖြစ် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ ၂၂၇ ရုံတည်ဆောက်ပြီး ထုတ်လွှင့်လျက်ရှိရာ တစ်နိုင်ငံလုံးလူဦးရေရဲ့ ၉၂.၇ ရာခိုင်နှုန်းက ဖမ်းယူရရှိပါတယ်။ အဲ့ဒီလွှင့်စက်အားလုံးမှာ Analogue လွှင့်စက်များဖြင့် တပ်ဆင်ထုတ်လွှင့်နေတာဖြစ်၍ Analogue စနစ်ဟာ Channel တစ်ခုသာ ထုတ်လွှင့်နိုင်ပြီး ၎င်း Channel အတွင်း အစီအစဉ် အမျိုးမျိုးကို ထည့်သွင်းထုတ်လွှင့်လျက်ရှိပါတယ်။ Analogue စနစ်မှာ လွှင့်စက်တစ်လုံးတည်းဖြင့် နောက်ထပ် Channel တစ်ခု တစ်ပြိုင်တည်း ထုတ်လွှင့်၍ မရနိုင်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေနဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစတင်၍ အဆင့်ဆင့် Digital စနစ်ထူထောင်ပြီးပါက ရုပ်မြင်သံကြား Channel လေးလိုင်းခန့် Free to Air တိုးမြှင့်ထုတ်လွှင့်ပေးသွားမှာ ဖြစ်ပါတယ်။ အဲ့ဒီလို ထုတ်လွှင့်ပေးနိုင်ရေးအတွက် Digital လွှင့်စက် ၂၀ လုံးကို ဝယ်ယူတပ်ဆင်ရန် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ဘတ်ဂျက်မှာ ထည့်သွင်းလျာထားပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ၂၀၁၃ ခုနှစ် နိုဝင်ဘာလမတိုင်မီ ထုတ်လွှင့်မယ့် ရုပ်မြင်သံကြားလိုင်းသစ်များတွင် လွှတ်တော်ရုပ်မြင်သံကြားလိုင်းတစ်လိုင်းကို ထည့်သွင်းထုတ်လွှင့်ပေးသွားမှာ ဖြစ်ကြောင်းဖြင့် ဖြေကြားရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မော်ကွန်းရုပ်ရှင်မှ နိုင်ငံ၏နေရာအနှံ့သို့ သတင်းစဉ်များကို လှည့်လည်ပြသသည့် လုပ်ငန်းပြန်လည်ဆောင်ရွက်နိုင်ရန် အစီအစဉ်ရှိ၊ မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဘီးလင်းမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(ဘီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးမိုးအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်ရဲ့ ခေတ်စနစ်ပြောင်းလဲမှုအခြေအနေမှာ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ပြည်သူလူထုအားလုံးသိရှိနိုင်ဖို့အတွက် သတင်းမီဒီယာကဏ္ဍဟာ အရေးကြီးတယ်လို့ ယူဆပါတယ်။ သတင်းမီဒီယာတွေခေတ်စနစ်နှင့်အညီ အများကြီးပေါ်ထွက်လာပါတယ်။ သတင်းစာတွေ၊ ဂျာနယ်တွေ၊ စာစောင်တွေ၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်တဲ့လိုင်းများစွာ၊ ရေဒီယိုအသံလွှင့်တဲ့ လိုင်းများစွာလည်း

ရှိနေပြီဖြစ်ပါတယ်။ ဒါပေမယ့်လည်း ကျွန်တော်တို့ နိုင်ငံတစ်ဝန်းမှာရှိတဲ့ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေ ပြည်သူလူထုဟာ အခြေအနေအမျိုးမျိုးကြောင့် နိုင်ငံတော်ရဲ့ ပြုပြင်ပြောင်းလဲမှု အခြေအနေတွေ တိုးတက်လာတဲ့အခြေနေတွေကို မှန်မှန်ကန်ကန်သိနိုင်ဖို့အတွက် လက်လှမ်းမမီနိုင်သေးတဲ့ အနေအထားကို ရှိပါတယ်။ မြန်မာ့ရုပ်ရှင်လုပ်ငန်း လက်အောက်မှာရှိတဲ့ သတင်းမော်ကွန်းရုပ်ရှင်ဌာန ကနေပြီးတော့ ဟိုးအရင်နှစ်ပေါင်းများစွာတုန်းက နိုင်ငံအနှံ့မှာရှိတဲ့ ကျေးလက်ပြည်သူတွေကို သတင်းရုပ်ရှင်မော်ကွန်းကားများ လှည့်လည်ပြသခြင်းဟာ ကျေးလက်နေပြည်သူတွေအတွက် ဆွဲဆောင်နိုင်မှုရှိပြီး စိတ်ဝင်စားမှုရှိတဲ့ လုပ်ငန်းတစ်ခုဖြစ်တဲ့အတွက် ဒီလုပ်ငန်းတွေကို ပြန်လည်လုပ်ဆောင်သင့်တယ်လို့ယူဆပြီး ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့ နိုင်ငံရေးစနစ်၊ အုပ်ချုပ်ရေးစနစ်၊ စီးပွားရေးစနစ် ပြောင်းလဲဖြစ်ပေါ်တိုးတက်မှုများအား ပြည်သူလူထုအကြား သိရှိနိုင်ရန်အတွက် ဆောင်ရွက်ပေးနိုင်သည့် မော်ကွန်းရုပ်ရှင်မှ နိုင်ငံ၏နေရာအနှံ့အပြားသို့ သတင်းစဉ်များ လှည့်လည်ပြသသည့် လုပ်ငန်းများပြန်လည်ဆောင်ရွက်နိုင်ရန်အစီအစဉ်ရှိ၊ မရှိ သိရှိလိုပါတယ်။ အစီအစဉ်ရှိပါကလည်း နိုင်ငံတော်ရဲ့တိုးတက်ပြောင်းလဲနေမှု ပကတိအခြေအနေတွေကို နိုင်ငံတော်အတွင်းမှာရှိတဲ့ အခြေခံအကျဆုံး ပြည်သူလူထုသိရှိနိုင်ဖို့ မည်ကဲ့သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးပိုက်ထွေး(ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးမိုးအောင်ရဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ဆက်လက်ပြီး ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းရဲ့ လုပ်ငန်းတာဝန်များအနက်မှ သတင်းရုပ်ရှင်ကားများ၊ မော်ကွန်းသတင်းကားများနဲ့ ပတ်သက်ပြီး ရိုက်ကူးထုတ်လုပ်ခြင်းကို မော်ကွန်းရုပ်ရှင်ရုံးခွဲမှ ဆောင်ရွက်လျက်ရှိပါတယ်။ တင်ပြပါ ရိုက်ကူးထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်တဲ့အခြေအနေများကတော့ နိုင်ငံတော်အကြီးအကဲများရဲ့ နိုင်ငံတကာချစ်ကြည်ရေး ခရီးစဉ်များနှင့် မြန်မာနိုင်ငံသို့ ပြည်ပနိုင်ငံများမှ အကြီးအကဲများ၊ ဧည့်သည်တော်များ လာရောက်လည်ပတ်

တဲ့ခရီးစဉ်များ၊ နိုင်ငံတော်အကြီးအကဲများ၏ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများကို လှည့်လည်ကြည့်ရှုတဲ့ခရီးစဉ်များ၊ လွှတ်တော်အစည်းအဝေးများ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကိစ္စရပ် အစီအစဉ်များ၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းကိစ္စရပ် အစီအစဉ်များ၊ မြန်မာတိုင်းရင်းသားတို့ရဲ့ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲနှင့် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်တဲ့ အခမ်းအနားများ၊ နိုင်ငံတော်ရဲ့ နေ့ထူးနေ့မြတ်ဖြစ်တဲ့ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ အမျိုးသားနေ့နှင့် တပ်မတော်နေ့အခမ်းအနားစတဲ့ အခမ်းအနားတွေမှာ အစီအစဉ်များ ရိုက်ကူးလျက်ရှိပါတယ်။

ရိုက်ကူးထုတ်လုပ်တဲ့ သတင်းကား၊ မော်ကွန်းကားများကို ပြည်သူလူထု ဗဟုသုတရရှိရေး၊ အသိပညာတိုးပွားရေး၊ အပန်းဖြေစေရေးဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ရုပ်ရှင်ရုံတွေမှာ ပြသခြင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့များ၏ စီစဉ်မှုဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မော်ကွန်းပြသမှုဌာနစုများက ဖျော်ဖြေရေး ရုပ်ရှင်ဇာတ်ကားများနှင့် ပူးတွဲပြီး နယ်မြေဒေသအတွင်းမှာ လှည့်လည်ပြသပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြန်မာ့ရုပ်ရှင် လုပ်ငန်း၊ မော်ကွန်းရုပ်ရှင်ရုံးခွဲရဲ့ မော်ကွန်းပြသမှုဌာနစုများကို ရှမ်းပြည်နယ် လားရှိုးမြို့၊ ကျိုင်းတုံ မြို့များအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့တော်များမှာ ပြသမှုဌာနစု ၁၆ ခုကို ပြသရေးဝန်ထမ်း ၅၃ ဦး၊ ရုပ်ရှင်ပြဇာတ်အစုံ ၁၈ စုံဖြင့်ဖွဲ့စည်းဖြန့်ကြက်ထားရှိပါကြောင်း တင်ပြအပ်ပါတယ်။ အထက်ကတင်ပြခဲ့တဲ့ မော်ကွန်းရုပ်ရှင်ပြသမှုဌာနစု ၁၆ ခုဟာ ရိုက်ကူးထုတ်လုပ်ခဲ့တဲ့ သတင်းနဲ့မော်ကွန်းမှတ်တမ်းများ၊ ဖျော်ဖြေရေးရုပ်ရှင်ဇာတ်ကားများနဲ့ တွဲဖက်ပြီး ပြသမှုအနေနဲ့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း စုစုပေါင်း၂၂၄ ပွဲ၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်းမှာ စုစုပေါင်း ၂၈၅ ပွဲ ပြသနိုင်ခဲ့ပါတယ်။ အထက်ဖော်ပြပါ ပြသမှုများအနက် မွန်ပြည်နယ်အတွင်းမှာ ပြသနိုင်မှုကတော့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်းမှာ ၁၈ ပွဲနဲ့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်းမှာ ၃၁-၁-၂၀၁၃ ရက်နေ့အထိ ၇၀ ပွဲ ကို သက်ဆိုင်ရာပြည်နယ်အစိုးရရဲ့ စီစဉ်ဆောင်ရွက်မှုဖြင့်ပြသနိုင်ခဲ့ပါတယ်။

နိုင်ငံတကာမှာ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်မှုအခြေအနေဟာ ဖလင်စနစ်မှ Digital စနစ်ကို ပြောင်းလဲဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၅ ခုနှစ် ဝန်းကျင်မှာ ဖလင်အသုံးပြုပြီး ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ခြင်းကို နိုင်ငံတကာမှာ ရပ်ဆိုင်းပြီး Digital စနစ်ဖြင့်ရိုက်ကူးထုတ်လုပ်တော့မှာဖြစ်ပါတယ်။

မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်ကွန်းရုပ်ရှင်ရုံးခွဲဟာ ဖလင်ကိုအခြေခံသော ရိုက်ကူးထုတ်လုပ်မှု ပြသမှု စနစ်များကို ဆောင်ရွက်နေသဖြင့် အဆိုပါကာလသို့ ရောက်ရှိပါက ဖလင်ဖြင့်ရိုက်ကူးခြင်း၊ ပြသခြင်း စနစ်ကို ရပ်ဆိုင်းပြီး Digital စနစ်သို့ ပြောင်းလဲဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ သို့ရာတွင် ဖင်လင် စနစ်နဲ့ရိုက်ကူးထုတ်လုပ်ပြသမှုများကို ဖလင်ရရှိနေသောကာလအတွင်း ဆက်လက်ထုတ်လုပ် ပြသခြင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဖလင်အစားထိုးပေါ်ပေါက်လာတဲ့ Digital စနစ်နဲ့ ရိုက်ကူး ထုတ်လုပ်ပြသခြင်းကိုလည်း ခေတ်နှင့်အညီ ဆောင်ရွက်နိုင်ရေး၊ ရိုက်ကူးပြသနိုင်ရေးအတွက် လိုအပ်တဲ့စက်များကို ဝယ်ယူပြီး သတင်းနှင့်မော်ကွန်းမှတ်တမ်းများ ရိုက်ကူးထုတ်လုပ်၍ ပြည်သူလူထု အတွင်း လှည့်လည်ပြသခြင်းများကို ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ကြောင်း ဖြေကြားရင်းနိဂုံးချုပ် အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**စိုက်ပျိုးရေးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းပြုလိုသော လယ်မဲ့ယာမဲ့များကို နိုင်ငံတော်မှ နေရာချထားလုပ်ကိုင်ခွင့်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဦးကျော်မြင့်၊ မြန်အောင်မဲဆန္ဒနယ်မှမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်မြင့်(မြန်အောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီ တိုင်းဒေသကြီး၊ မြန်အောင်မဲဆန္ဒနယ်မြေမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ လက်ရှိအခြေအနေမှာ စိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံ အဖြစ်ပဲရှိနေပါသေးတယ်။ နိုင်ငံလူဦးရေရဲ့ ၃ ပုံ ၂ ပုံဟာ ဆိုလို့ရှိရင် ၇၀ ရာခိုင်နှုန်းဟာ ကျေးလက် ဒေသမှာပဲနေထိုင်ကြပါသေးတယ်။ ကျွန်တော်တို့နိုင်ငံဟာလူဦးရေသန်း ၆၀ ရှိတယ်ဆိုရင် ကျေးလက် ဒေသတွေမှာနေတဲ့လူဦးရေဟာ သန်း ၄၀ ခန့်ရှိနေပါတယ်။ အဲ့ဒီကျေးလက်ဒေသမှာနေတဲ့ သန်း ၄၀ ခန့်ရဲ့ ၄ ပုံ ၃ ပုံ သန်း ၃၀ ခန့်ဟာ ဆင်းရဲမွဲတေနေတဲ့ အဆင့်မှာပဲရှိသေးတယ်လို့ ကိန်းဂဏန်းများအရ ကျွန်တော်တို့သိရပါတယ်။ ပို၍ဆိုးတာကတော့ အဲဒီထက်ဝက်ကျော် ကျေးလက်ဒေသမှာနေတဲ့ ပြည်သူ တွေဟာ အင်မတန်ပဲ ဆင်းရဲမွဲတေနေတာကိုတွေ့ရပါတယ်။ ၂၀၀၃ ခုနှစ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ သန်းခေါင်စာရင်းအရဆိုလို့ရှိရင် ကျွန်တော်တို့ နိုင်ငံမှာကျေးလက် ဒေသမှာနေတဲ့ အိမ်ထောင်စုပေါင်း ၆ သန်းခွဲခန့်ရှိတဲ့အခါမှာ အကြမ်းဖျင်းအားဖြင့် ဆိုလို့ရှိရင် အိမ်ထောင်စု ၃ သန်းခန့်ဟာ ဆင်းရဲမွဲတေနေတယ်လို့ယူဆရမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားများ၏ဘဝကို စူးစမ်းလေ့လာကြည့်မယ်ဆိုရင် တစ်ဧကအောက် ပိုင်ဆိုင်သူဟာ

၈ ရာခိုင်နှုန်း ၀.၅ သန်းပဲရှိပါတယ်။ ယေဘူယျအားဖြင့်ပြောရမယ်ဆိုလို့ရှိရင် မြေယာမဲ့များအဖြစ် ဆက်နွယ်နေပါတယ်။ မကြာခင်မှာမြေယာမဲ့အဖြစ်ရောက်သွားနိုင်ပါတယ်။ နံပါတ် ၂ က ၁ ဧကကနေ ၅ ဧကနေအတွင်းစိုက်ပျိုးမြေရှိတဲ့ ပုဂ္ဂိုလ်များဟာ ၁.၅ သန်းခန့်ရှိနေပါတယ်။ အဲ့ဒီတော့ ၁ ဧကကနေ ၅ ဧကအထိရှိတဲ့ပုဂ္ဂိုလ်များဟာ အဲ့ဒီတောင်သူလယ်သမားမိသားစုရဲ့ စားဝတ်နေရေးကို ဘယ်လိုမှ ရပ်တည်နိုင်တဲ့အခြေအနေမရှိပါဘူး။ ၅ ဧကကနေအထက် ပိုင်ဆိုင်သူတွေကတော့ ကျေးလက်ဒေသ တွေမှာ ၁ သန်းခန့်ရှိနေပါတယ်လို့ စာရင်းဇယားများကဆိုပါတယ်။ လယ်သမားများရဲ့ဘဝဟာ အကြွေးများထဲမှာလည်နေတဲ့ လယ်သမားအဖြစ်တွေပဲရှိနေပါတယ်။ ကျေးလက်ဒေသမှာရှိတဲ့ မြေမဲ့ယာမဲ့ပြည်သူများဟာ အခြားမြေယာပိုင်ဆိုင်တဲ့ပုဂ္ဂိုလ်များရဲ့ လယ်ယာလုပ်ငန်းခွင်များမှာ လယ်ယာလုပ်သားအဖြစ် အခစားလုပ်ကိုင်ဆောင်ရွက်ကြရပါတယ်။ အဲ့ဒီလို ဆောင်ရွက်တဲ့နေရာမှာ နေ့စားလုပ်အားခ အင်မတန်လည်းနည်းပါတယ်။ ဆင်းရဲမွဲတေပါတယ်။ ပညာလည်း လူတန်းစေ့ မသင်နိုင်ကြပါဘူး။ အသိပညာတွေလည်း ချို့တဲ့ကြပါတယ်။ အာဟာရလည်း ချို့တဲ့ကြပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ဒီပုံစံအတိုင်းရေရှည်ဆိုလို့ရှိရင် ရင်လေးစရာဖြစ်နေပါပြီ။ အခု အချိန်အခါဟာ ပြည်သူကို ဗဟိုပြုတဲ့စနစ်၊ ပြည်သူ့ဘဝကိုဆောင်ရွက်ပေးတဲ့အချိန်မှာ ပြည်သူတွေကို ဗဟိုပြုနေတဲ့ ပြည်သူ့ဘဝကို တိုးတက်အောင်ဆောင်ရွက်ပေးနေတဲ့အချိန်အခါမှာဆိုရင် ကျေးလက်ဒေသမှာနေတဲ့ ပြည်သူအားလုံးဟာ နိုင်ငံရဲ့ ၇၀ ရာခိုင်နှုန်းရှိနေပါတယ်။ အဲ့ဒီလို ပြည်သူတွေရဲ့ ဘဝကိုလေ့လာစေ့ငု မယ်ဆိုရင် မှန်လုံကားကြီးတွေနဲ့အုပ်စုလိုက်သွားပြီးတော့ လေ့လာစုံစမ်းလို့ မရနိုင်ပါဘူး။ ဘာဖြစ်လို့ လဲဆိုတော့ အဲ့ဒီလိုသွားပြီးတော့ လေ့လာစေ့ငုလို့ရှိရင် တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေ၊ ဌာနဆိုင်ရာတွေ၊ ပုဂ္ဂိုလ်များတွေကနေပြီးတော့ မိတ်ကပ်လုပ်ထားတဲ့စာရင်းဇယားနှင့် ပုဂ္ဂိုလ်တွေကိုပဲတွေ့ပြီးတော့ စာရင်းအမှန်၊ အဖြစ်မှန်တွေကိုသိဖို့ဆိုတာ အင်မတန်ဝေးပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိတို့ရဲ့ဒေသမှာရှိတဲ့ အများစုဖြစ်တဲ့ပြည်သူများဆီကို မိုးအခါ ဆိုရင်လည်း ရွှံ့ဗွက်ထဲသွား၊ နွေအခါဆိုရင်လည်း စက်ဘီးလေးတွေနဲ့ ဆိုင်ကယ်လေးတွေနဲ့ ပြည်သူရဲ့ ဘဝကြားထဲမှာတိုးပြီးတော့ ပြည်သူ့ရဲ့အခြေအနေ၊ တောင်သူလယ်သမားတွေရဲ့အခြေအနေတွေကို သေသေချာချာစုံစမ်းစစ်ဆေးလေ့လာပါတယ်။ အဲ့ဒီလို လေ့လာတဲ့အခါမှာ တောင်သူလယ်သမား တွေရဲ့ဘဝဟာ သိပ်ပြီးတော့ဆိုးရွားနေတာကိုတွေ့ရပါတယ်။ ကျွန်တော်မှတ်မိပါသေးတယ်။ လွန်ခဲ့တဲ့ အနှစ် ၅၀ ခန့်ကဆိုလို့ရှိရင် လူများစုဖြစ်တဲ့ တောင်သူလယ်သမားတွေရဲ့ဘဝကိုမြှင့်တင်ဖို့ဆိုပြီး တောင်သူလယ်သမားအစည်းအဝေးကြီးတွေ၊ ညီလာခံကြီးတွေလုပ်ခဲ့ပါတယ်။ ခပေါင်းတို့၊ ဒူးယားတို့၊

ပုပ္ပားတို့၊ အုန်းတောတို့ အဲ့ဒီလိုတွေလုပ်ခဲ့ပါတယ်။ အဲ့ဒီလိုတွေလုပ်ခဲ့တဲ့အချိန်တုန်းကဆိုရင် တကယ်ပဲ တောင်သူလယ်သမားဘဝတွေကို မြှင့်တင်နိုင်လေမလားလို့မျှော်လင့်ခဲ့တယ်။ ဒါပေမယ့် အဲ့ဒီတုန်းက နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဆောင်ရွက်တဲ့နေရာမှာ အဲ့ဒီတုန်းက ဟင်္သာတခရိုင်မှာဆိုရင် ဟင်္သာတဒူးယားဆွေးနွေးပွဲကြီးလုပ်ပါတယ်။ ကျွန်တော်မှတ်မိပါတယ်။ အဲ့ဒီအချိန်တုန်းက ဒီ ဧရာဝတီတိုင်းမှာတာဝန်ရှိတဲ့ပုဂ္ဂိုလ်က မလာပါဘူး။ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဒီတောင်သူလယ်သမားဆွေးနွေးပွဲကြီးလုပ်တာကို မလာဘူး။ နောက် ကျွန်တော်သိရတဲ့ကိစ္စကတော့ ခါးမှာသေနတ်ထိုးထားတဲ့ပုဂ္ဂိုလ်များကနေပြီးတော့ တောင်သူလယ်သမားဆွေးနွေးပွဲကြီးလုပ်လို့ တောင်သူလယ်သမားတွေရဲ့အဖြစ်မှန်တွေ၊ တောင်သူလယ်သမားတွေရဲ့အခြေအနေတွေကို အမှန်အတိုင်းသိမှာမဟုတ်ဘူးဆိုပြီးတော့ သူက မထောက်ခံပါဘူး။ အဲ့ဒါနဲ့ တိုင်းမှူးဘဝကပြုတ်သွားပါတယ်။ အဲ့ဒီလိုစနစ်မှားတွေ၊ စနစ်လွဲတွေကြောင့် တောင်သူလယ်သမားဘဝတွေဟာ ကျွန်တော်တို့တိုင်းပြည်ဟာလည်း နစ်နာဆုံးရှုံးခဲ့ရတာတွေ၊ အောက်တန်းနောက်တန်းကျခဲ့တာတွေ အများကြီးရှိနေပါသေးတယ်။ အဲ့ဒီလိုအလွဲအမှားတွေကို ပြုပြင်ဖို့ နှစ်ပေါင်း ၅၀ ကြာခဲ့တဲ့အချိန်မှာ ပြုပြင်ဖို့လမ်းစပေါ်ကိုရောက်နေပါပြီ။ အဲ့ဒီလို ပြုပြင်ဖို့လုပ်နေတဲ့အချိန်အခါမှာ လူများစုကြီးဖြစ်တဲ့ ကျေးလက်မှာနေထိုင်တဲ့ တောင်သူလယ်သမားတွေရဲ့ဘဝကို ဆင်းရဲနွမ်းပါးမှုလျှော့ချဖို့၊ ကျေးလက်ဒေသတွေဖွံ့ဖြိုးဖို့ နည်းလမ်း ၈ သွယ်နဲ့ နိုင်ငံတော်သမ္မတကြီးက စီမံကိန်းချပြီးတော့ဆောင်ရွက်နေတာကလည်း ယခုအချိန်အထိတွေ့ရှိရတာကတော့ ထိရောက်မှု၊ အကျိုးသက်ရောက်မှုအင်မတန်နည်းနေတာကိုတွေ့နေရပါသေးတယ်။ အဲ့ဒီတော့ ကျေးလက်ဒေတွေမှာဆိုရင် လူဦးရေကလည်းတိုးပွားလာတယ်။ လယ်မြေတွေကလည်း ချဲ့စရာမရှိဘူး။ တောင်သူလယ်သမားမိသားစုကြီးတစ်ခုကပေါက်ဖွားလာတဲ့ မိမိတို့ရဲ့ သားသမီးနောက်ထပ်အိမ်ထောင်စုတွေကို လယ်ယာမြေခွဲဝေပေးရတဲ့အခါမှာ လယ်ယာမြေတွေဟာ တဖြည်းဖြည်းနည်းနည်းပြီးတော့ လုပ်စားကိုင်စားမရနိုင်တဲ့ဘဝကိုရောက်သွားပါတယ်။ ဒါကြောင့်မို့လို့ ခုနကကျွန်တော်ပြောခဲ့တဲ့ တစ်ဧကအောက်လုပ်ကိုင်ဆောင်ရွက်နေတဲ့ပုဂ္ဂိုတွေဟာ မြေမဲ့ယာမဲ့ဖြစ်လုနီးပါးနဲ့ဆက်နွယ်နေတယ်လို့ တင်ပြခြင်းဖြစ်ပါတယ်။ အဲ့ဒီတော့ ကျေးလက်ဒေသတွေမှာဆိုရင် စိုက်ဧကကျဉ်းကျဉ်းလာသလို မြေမဲ့ယာမဲ့အလုပ်အကိုင်မရှိတဲ့ပုဂ္ဂိုလ်တွေကလည်း ဆင်းရဲကြပ်တည်းမှုတွေဟာပိုမို ပိုမိုပြီးတော့ဆိုးရွားလာပါတယ်။ အဲ့ဒီလို ကြားထဲမှာ ကျွန်တော်တို့ ဧရာဝတီတိုင်းမှာဆိုလို့ရှိရင်ဟိုတုန်းကစီမံကိန်းသီးနှံကိုအကြောင်းပြပြီးတော့ တာဝန်ကျေစပါး မကျေလို့ဆိုပြီး စည်းကမ်းပျက်အဖြစ် လယ်ယာမြေတွေအသိမ်းခံခဲ့ရလို့လည်း ကျွန်တော်တို့ တောင်သူလယ်သမားတွေက လယ်မဲ့၊

ယာမဲ့ဖြစ်ခဲ့ရတာတွေရှိပါတယ်။ နောက်ကျတော့လည်း နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ အကြောင်းပြုပြီးတော့လည်းတစ်မျိုး၊ ဖွံ့ဖြိုးရေးလုပ်ငန်းအကြောင်းပြု ပြီးတော့လည်းတစ်မျိုး၊ တပ်မတော်ကသိမ်းဆည်းမှုကြောင့်လည်းတစ်မျိုး အကြောင်းကြောင်းတွေကြောင့် တောင်သူ လယ်သမားတွေဟာ လယ်မဲ့ယာမဲ့ဘဝတွေကိုရောက်သွားပြီးတော့ ပိုမိုအခြေအနေဆိုးရွားတဲ့ အခြေအနေတွေရှိခဲ့တာတွေလည်း တွေ့ရှိနေရပါတယ်။ အဲ့ဒါကြောင့်လည်း ကျွန်တော်တို့ မြန်အောင်ဒေသမှာဆိုလို့ရှိရင် ပြည်ပနိုင်ငံတွေထွက်ခွာပြီးတော့ တရားမဝင်သွားရောက် အလုပ် လုပ်ကိုင်နေတဲ့သူတွေ အများကြီးဖြစ်နေတာကိုတွေ့ရပါတယ်။ အဲ့ဒီတော့ အခု မြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေကိုဖော်ထုတ်ဖို့ဥပဒေတွေ၊ နည်းဥပဒေတွေရှိပါတယ်။ အဲ့ဒီတော့ ပုဂ္ဂလိကတွေကို မြေဧကတွေ၊ ဒီမြေလွတ်၊ မြေရိုင်းတွေဖော်ထုတ်ခွင့် ၁ဂ ဧကအထိပေးပါတယ်။ အဲ့ဒါတွေက တကယ့် လက်တွေ့မှာဆိုလို့ရှိရင် ခုနမြေမဲ့ယာမဲ့ဖြစ်နေတဲ့တောင်သူလယ်သမားတွေဘဝနဲ့ဆိုရင် ဘုန်းကြီးနှင့် ဘီးလိုပဲဖြစ်နေတယ်။ အင်မတန်မအပ်စပ်ဘူး။ ဒီဟာတွေအရင်းအနှီးတွေမရှိလို့ မြေယာတွေ တိုးချဲ့ ပိုင်ခွင့်မရှိလို့ ဆင်းရဲမွဲတေလို့ လယ်သမားတွေဖြစ်နေတဲ့အချိန်အခါမှာ ဒီလယ်ယာမြေကို သွားပြီးတော့ အသစ်တိုးဖို့ဆိုတာ တစ်နယ်တစ်ကျေးကိုသွားပြီးတော့တိုးဖို့ဆိုတာ အင်မတန် မဖြစ်နိုင်ပါဘူး။ အဲ့ဒီတော့ ကျေးလက်ဒေသတွေမှာ အင်မတန်စိုက်ပျိုးရေးကိုဝါသနာပါတဲ့ လယ်သမားကြီးတွေရဲ့ သားသမီးတွေ၊ မြေယာမဲ့နေတဲ့ ပုဂ္ဂိုလ်တွေအများကြီးရှိနေပါတယ်။ ဒီလိုပုဂ္ဂိုလ်တွေကို လုပ်စား ကိုင်စားနဲ့ အလုပ်အကိုင်တွေရရှိလာဖို့ ကျေးလက်ဒေသတွေမှာ ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ဖို့ဆိုရင် နိုင်ငံတော်ကနေပြီးတော့ မြေလွတ်၊ မြေရိုင်းတွေကို မြေယဉ်အဖြစ်၊ စိုက်ပျိုးမြေအဖြစ်ဖော်ထုတ် ပေးပြီးတော့မှ ဒါကို ကူညီမှုဖြစ်ရပါလိမ့်မယ်။ ကျွန်တော်တို့ ဧရာဝတီတိုင်းမှာဆိုလို့ရှိရင် ဧရာရွှေဝါကုမ္ပဏီဆိုလို့ရှိရင် လုပ်ခဲ့တဲ့ ဧက ၄ဂဂဂဂ ကျော် နိုင်ငံတော်ကိုပြန်လည်အပ်ပြီးပါပြီ။ အဲ့ဒီလို မြေလွတ်၊ မြေရိုင်းတွေကို ခုနယူထားတဲ့အဖွဲ့အစည်းတွေ လည်းအများကြီးရှိနေပါသေးတယ်။ အဲ့ဒီလို မြေလွတ်၊ မြေရိုင်းတွေကို နိုင်ငံတော်ကနေပြီးတော့ ဆင်းရဲမွဲတေနေတဲ့ မြေမဲ့ယာမဲ့တောင်သူ လယ်သမားများအကျိုးအတွက် နိုင်ငံတော်ကဖော်ထုတ်ပေးပြီးတော့ ဒီလယ်ယာမြေ၊ စိုက်ပျိုးမြေ တွေကို ဝေခြမ်းပေးမယ်ဆိုရင် မြေမဲ့ယာမဲ့တောင်သူလယ်သမားတွေရဲ့ဘဝ အနာဂတ်ကလေးဟာ မျှော်လင့်ချက်ကလေးရှိလာနိုင်မယ်လို့ယူဆပါတယ်။ ဒါကြောင့်မို့ အခု ဆင်းရဲနွမ်းပါးမှုလျှော့ချ ချင်ပါတယ်ဆိုရင် စိုက်ပျိုးရေးလုပ်ငန်းနဲ့အသက်မွေးဝမ်းကျောင်းပြုလိုသော လယ်မဲ့ယာမဲ့များကို နိုင်ငံတော်မှ မြေလွတ်၊ မြေရိုင်းများကို စိုက်ပျိုးမြေအဖြစ်ဖော်ထုတ်ပေးပြီး စနစ်တကျနေရာချထား

လုပ်ကိုင်ပေးရန်အစီအစဉ်ရှိ၊ မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီးတော့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်က လယ်ယာမြေဥပဒေနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဥပဒေတို့ကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီးနောက် နည်းဥပဒေများကိုလည်းအတည်ပြု၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးခွန်းမှာပါရှိတဲ့ လယ်မဲ့ယာမဲ့များကို မြေလွတ်၊ မြေရိုင်းများအား စိုက်ပျိုးမြေအဖြစ်ဖော်ထုတ်ပေးပြီး စနစ်တကျနေရာချထားလုပ်ပိုင်ခွင့်ပေးခြင်းနှင့်စပ်လျဉ်းပြီး လယ်ယာမြေဥပဒေပုဒ်မ ၇ တွင် လယ်ယာမြေဥပဒေအာဏာတည်ပြီးနောက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြန်လည်သိမ်းယူသော လယ်ယာမြေနှင့် နိုင်ငံတော်ကအခါအားလျော်စွာ ဖော်ထုတ်သောလယ်ယာမြေများအား လုပ်ပိုင်ခွင့်ပြုရေးအတွက် ထည့်သွင်းပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ လယ်ယာမြေနည်းဥပဒေအခန်း (၃) နည်းဥပဒေ ၁၆ အရ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က တာဝန်ပေးအပ်ခြင်းခံရတဲ့ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်ယာမြေဥပဒေအာဏာတည်ပြီးနောက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြန်လည်သိမ်းယူသော လယ်ယာမြေနှင့် နိုင်ငံတော်ကအခါအားလျော်စွာ အသစ်ဖော်ထုတ်သောလယ်ယာမြေများနှင့်စပ်လျဉ်း၍ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိလိုသူက လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရေးအတွက်လျှောက်ထားနိုင်ကြောင်း အများပြည်သူသိရှိရန်ကြေညာရမည်ဖြစ်ပြီး နည်းဥပဒေ ၁၇၊ ၁၈ နှင့် ၁၉ တို့အရ လျှောက်ထားလာမှုအပေါ်စိစစ်ဆောင်ရွက်ရန်နှင့် နည်းဥပဒေ ၂၀(က)၊ ၂၁၊ ၂၂ နှင့် ၂၃ တို့အရ အမှန်တကယ်စိုက်ပျိုးရေးနဲ့ အသက်မွေးဝမ်းကျောင်းအဖြစ်လုပ်ကိုင်လိုကြသည့် လယ်မဲ့ယာမဲ့အရင်းအနှီးချို့တဲ့သည့် လယ်ယာလုပ်သားများအားဦးစားပေး၍ လုပ်ပိုင်ခွင့်ပြုပေးနိုင်ရေးအတွက် အသေးစိတ်ထည့်သွင်းဖော်ပြထားရှိပြီးဖြစ်ပါတယ်။

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အမှန်တကယ်ထိရောက်အကျိုးရှိစွာရင်းနှီးမြှုပ်နှံ ဖော်ထုတ်စိုက်ပျိုးလုပ်ကိုင်နိုင်မည့်သူများအား လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပြုမည်ဖြစ်သကဲ့သို့ ကျေးလက်ဒေသ တောင်သူလယ်သမားများနှင့် မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်လိုသူများအတွက်လည်း စိုက်ပျိုးလုပ်ကိုင်ခွင့် ပြုပေးမည်ဖြစ်ပါတယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၁၀ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၄) မှာ ကျေးလက်ဒေသ တောင်သူလယ်သမားများနှင့် မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ကိုင်လိုသူများအတွက် ၅၀ ဧကထက်မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို သက်ဆိုင်ရာဒေသအဖွဲ့အစည်းတစ်ခုခုက ခွင့်ပြုပေးနိုင်ရေးအတွက် စီမံဆောင်ရွက်နိုင်တယ်လို့ ထည့်သွင်းပြဋ္ဌာန်းထားပြီးလည်းဖြစ်ပါတယ်။

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းစီမံခန့်ခွဲရေးနည်းဥပဒေပုဒ်မ ၃၀ အရ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ်လုပ်ငန်းအဖွဲ့ဟာ ကျေးလက်ဒေသမှာ အခြေချနေထိုင်လျက်ရှိတဲ့ တောင်သူလယ်သမားနှင့် မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်လိုသူ အိမ်ထောင်စု တစ်စုအတွက် တစ်ကြိမ်လျှင် ၁၀ ဧက နှင့် စုစုပေါင်းဧက ၅၀ အထိ အကြိမ်ကြိမ်ခွင့်ပြုနိုင်ကြောင်း ထုတ်ပြန်ပြဋ္ဌာန်းထားပြီးလည်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့မေးခွန်းနှင့်စပ်လျဉ်းပြီး ကျေးလက်ဒေသ တောင်သူလယ်သမားများနှင့် မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးလုပ်ကိုင်လိုသူများ၊ အမှန်တကယ်စိုက်ပျိုးရေးလုပ်ငန်းကို အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်လိုကြသည့် လယ်မဲ့ယာမဲ့၊ အရင်းအနှီးချို့တဲ့သည့် လယ်ယာလုပ်သားများအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်များ ခွင့်ပြုပေးခြင်းနှင့် လယ်ယာစိုက်ပျိုးမြေများဖော်ထုတ်ခြင်းတို့အတွက် နယ်မြေဒေသအလိုက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များကပြဋ္ဌာန်းထားတဲ့ လယ်ယာမြေဥပဒေ၊ နည်းဥပဒေနှင့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ရှိပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မြန်အောင်မဲဆန္ဒနယ်မှ ဦးကျော်မြင့် မေးတဲ့မေးခွန်းနှင့်ပတ်သက်ပြီးတော့ သက်ဆိုင်ရာ ဝန်ကြီးဌာနက ဖြေကြားပြီးတဲ့နောက်ပိုင်းမှာ မိမိလွှတ်တော်ဥက္ကဋ္ဌအနေနဲ့လည်း ဒီနေ့ဖြစ်ပေါ်နေတဲ့ အခြေအနေပေါ် မူတည်ပြီးတော့ အားလုံးလေ့လာသုံးသပ်ပြီးတော့ ဆက်လက်ဆောင်ရွက်နိုင်အောင် ရှင်းလင်းတင်ပြ လိုတာရှိပါတယ်။ မေးခွန်းမေးမြန်းတဲ့နေရာမှာ လယ်သမားများ၊

တောင်သူလယ်သမားများရဲ့ မြေများကို သိမ်းဆည်းလိုက်တဲ့အတွက် သူတို့ရဲ့မြေတွေဆုံးရှုံးသွားတယ် ဆိုတဲ့အခြေအနေလည်း ဖော်ပြခဲ့ပါတယ်။ ဒါနှင့်ပတ်သက်ပြီးတော့ ပြည်ထောင်စုလွှတ်တော်မှာ ဇလွန်မဲဆန္ဒနယ်က ဦးတင်ထွတ်အဆိုပြုတင်ပြချက်ပေါ်မူတည်ပြီး လွှတ်တော်ကိုယ်စားလှယ် ၆၅ ဦး ဆွေးနွေးခဲ့ပါတယ်။ မှတ်မိသလောက်ပြောမယ်ဆိုလို့ရှိရင် တောင်သူလယ်သမားများထံမှ သိမ်းယူထားသော လယ်ယာမြေများ မတရားသိမ်းဆည်းခြင်းမဖြစ်ပေါ်စေရေးအတွက် စနစ်တကျစုံစမ်းစစ်ဆေးဖော်ထုတ်ပြီး ဆောင်ရွက်ဖို့ဆိုတဲ့ အဓိပ္ပာယ်ပါတဲ့အဆို လွှတ်တော်ကိုယ်စားလှယ်ပေါင်း ၆၅ ဦး ကဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးချက်ပေါ်မူတည်ပြီးတော့ ပြည်ထောင်စုလွှတ်တော်ကပဲ ကော်မရှင်တစ်ရပ်ဖွဲ့စည်းပေးခဲ့ပါတယ်။ ဒီနေ့ ဒီကော်မရှင်ရဲ့ဆောင်ရွက်ချက်နဲ့ တစ်နိုင်ငံလုံးမှာရှိကြတဲ့ တိုင်းဒေသကြီးနှင့်ပြည်နယ်အတွင်းမှာရှိသော တောင်သူလယ်သမားများရဲ့ လယ်ယာမြေများ မတရားသိမ်းဆည်းခံရခြင်းမရှိစေရေးအတွက် ဆောင်ရွက်တဲ့နေရာမှာ ဒီကနေ့ အတိုင်းအတာတစ်ခုအထိတော့ ထုတ်ဖော်ဆွေးနွေးတင်ပြပြီး ဖြစ်ပါတယ်။ ဒီလိုတင်ပြချက်ပေါ်မူတည်ပြီး ထွက်ပေါ်လာမယ့် အဖြေကတော့ မတရားသိမ်းဆည်းခြင်းခံရတဲ့တောင်သူလယ်သမားများရဲ့ မြေများဟာ လယ်သမားများထံ ပြန်လည်ရောက်လာနိုင်ဖွယ်ရှိပါတယ်။ တစ်ခါ လယ်မဲ့ယာမဲ့များကို နိုင်ငံတော်က မြေလွတ်၊ မြေရိုင်းများကို စိုက်ပျိုးမြေအဖြစ်ဖော်ထုတ်ပြီး စနစ်တကျချထားရေးဆိုတဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့ ရှေ့မှာ မေးဖို့တစ်ဆင့်လိုဦးမယ်လို့ ယူဆရပါတယ်။ ဒီနေ့ နိုင်ငံအတွင်းမှာ ကြိုးပြင်၊ ကြိုးဝိုင်းမြေများမှာ လယ်သမားများဟာ လယ်ယာမြေအဖြစ်ဖော်ထုတ်ပြီးတော့ စိုက်ပျိုးထုတ်လုပ်နေတာရှိပါတယ်။ ဧရာဝတီတိုင်းဆိုရင် ဘိုကလေးဘက်၊ လပွတ္တာဘက်မှာ ခုနကပြောတဲ့ သစ်တောမြေများအတွင်းမှာပဲ စာရင်းမှာတော့ သစ်တောမြေပဲ။ ဒါပေမယ့် လက်တွေ့ကျတဲ့အခါကျတော့ ရွာတွေ၊ ဘုန်းကြီးကျောင်းတွေ၊ ချက်စ်တွေ၊ စာသင်ကျောင်းတွေ၊ ရွာဆိုတဲ့နေရာမှာလည်း အိမ်ခြေ ၄၀၀၊ ၅၀၀ လောက်ရှိတဲ့ရွာတွေ ဖြစ်နေပါပြီ။ စိုက်ပျိုးရေးနှင့်ပတ်သက်လို့ဆိုလို့ရှိရင်လည်း ဧကသောင်းနှင့်ချီပြီးတော့ စိုက်ပျိုးထားတဲ့ အနေအထားရှိပါတယ်။ သို့ရာတွင် မြေကြီးမြေပုံကျတဲ့အခါကျတော့ မြေစာရင်းမှာ ခုနက ရွာတွေ၊ စိုက်ပျိုးမြေတွေ၊ ဘုန်းတော်ကြီးကျောင်းတွေ၊ စာသင်ကျောင်းတွေသည် ခုနကပြောတဲ့ သစ်တောမြေဆိုပြီးပေါ်နေတာရှိပါတယ်။ ဧရာဝတီတိုင်းလိုပဲ ပြီးခဲ့တဲ့ကာလအတွင်းက ဂန့်ဂေါမဲဆန္ဒနယ်က ကိုယ်စားလှယ် တင်ပြသွားတဲ့နေရာမှာလည်း ဂန့်ဂေါနယ်ဘက်မှာ ဒီလိုအများအစားရှိတယ်။ ကျန်တဲ့နေရာအများအစားရှိတယ်။ ဒါကြောင့်မို့လို့ ဒီလိုတကယ်တမ်း လယ်ယာမြေတွေဖြစ်နေပြီ၊ ရွာတွေဖြစ်နေပြီ ဒါကြောင့်မို့လို့ ဒါတွေကို မှန်မှန်ကန်ကန်ဖြစ်အောင် ပြန်လည်ဆောင်ရွက်

ပေးဖို့ လိုတယ်လို့ တင်ပြခဲ့တာရှိပါတယ်။ ဒီအတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ဖော်ထုတ်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ဒီမှာလည်း ဧကအားဖြင့်တော့ သိန်းဂဏန်းကြီးကြီး၊ သန်းဂဏန်းနီးနီးရှိတယ်လို့ ဒီလိုပြောပါတယ်။ ဒါကြောင့်မို့လို့ အဲ့ဒီလို မြေလွတ်၊ မြေလပ်၊ မြေရိုင်း သစ်တောကြိုးဝိုင်းလို့ စာရင်းမှာပေါ်နေတဲ့မြေတွေဟာ အမှန်တကယ်မြေပြင်မှာ လယ်တွေဖြစ်နေပြီ၊ ရွာတွေဖြစ်နေပြီဆိုလို့ရှိရင် အဲ့ဒီလယ်တွေ၊ ရွာတွေ၊ မြေတွေကို စိုက်ပျိုးမြေအဖြစ် အသိအမှတ်ပြုဖို့က ပထမဆုံးလိုအပ်မယ့် လိုအပ်ချက်ဖြစ်ပါတယ်။ ဒီအတွက်လည်း သက်ဆိုင်ရာတာဝန်ရှိတဲ့လူတွေက ပြည်သူ့ကိုယ်စားလှယ်များအပါအဝင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ဖို့ လိုပါလိမ့်မယ်။ နောက်တစ်ဆင့် ကျတဲ့အခါကျတော့ အခုစာရင်းမှာပေါ်နေတဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေဆိုတာ တကယ်ပဲ ဟုတ်သလား၊ မဟုတ်ဘူးလားဆိုတာလည်း မြေပုံနှင့် မြေပြင် သူတို့အခေါ်တော့ မြေကြီးမြေပုံ မှန်ကန်ရေးဆောင်ရွက်ဖို့လည်း လိုပါတယ်။ အဲ့ဒီဟာအတွက်ကြောင့် ဒီနေ့ တောင်သူလယ်သမားတွေ များစွာအခက်အခဲနှင့် ကြုံတွေ့နေတာတွေလည်း ရှိပါတယ်။ ဒါကြောင့်မို့လို့ မေးမြန်းလာတဲ့မေးမြန်းမှု လက်ရှိဆောင်ရွက်နေတဲ့ ဆောင်ရွက်မှုတွေ ဆက်စပ်သုံးသပ်ပြီးတော့ မိမိတို့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ကိုယ်စားလှယ်များပီပီ ကိုယ့်နယ်၊ ကိုယ့်ဒေသမှာ ပါဝင်ဆောင်ရွက်ပေးဖို့ဟာ အင်မတန်မှ အရေးကြီးပါတယ်။ မမှန်မကန်ပါဝင်လေ မမှန်ကန်ဖြစ်လေဖြစ်မှာဖြစ်တဲ့အတွက် ဒီလွှတ်တော်က တစ်ဆင့်လွှတ်တော်ကိုယ်စားလှယ်များကို တိုက်တွန်းချင်တာက တကယ်လယ်သမားများ၊ တောင်သူလယ်သမားများရဲ့ လယ်ယာမြေများကို သိမ်းဆည်းထားတဲ့နေရာမှာ တရားသဖြင့်ဖြစ်စေရေးအတွက် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေ အားလုံးပါဝင်ပူးပေါင်းဆောင်ရွက်ဖို့ လိုပါတယ်။ အဲ့ဒီနည်းတူပဲ တကယ့်မြေပြင်မှာ ရွာတွေဖြစ်နေပြီ၊ စိုက်ပျိုးမြေတွေဖြစ်နေပြီ။ သို့ရာတွင် မြေပုံထဲကျတဲ့ အခါကျတော့ သစ်တောမြေပါ၊ ကြိုးဝိုင်းမြေပါ၊ မြေလွတ်၊ မြေရိုင်းပါဆိုတဲ့ ဖြစ်ပေါ်နေခြင်းဟာလည်း ဒီနေ့ တောင်သူလယ်သမားများအတွက် များစွာအခက်အခဲကြုံတွေ့နေရတဲ့ကိစ္စဖြစ်တဲ့အတွက် ဒီကိစ္စများမှာလည်း လွှတ်တော်ကိုယ်စားလှယ်များက တစ်နိုင်ငံလုံးဖြန့်ကျက်ထားရှိတာဖြစ်တဲ့အတွက် ဒီကိစ္စအတွက်လည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ဖို့ လိုပါတယ်။ ဒီနေ့အမေးရဲ့ အဓိကကတော့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စိုက်ပျိုးမြေအဖြစ် ဖော်ထုတ်ရေးဆိုတာနှင့်ပတ်သက်လို့ ဒီဟာသည် အင်မတန်မှကြီးမားတဲ့ စီမံကိန်းကြီးတစ်ခု ဖြစ်ပါမယ်။ ဒါသည် စိုက်ပျိုးရေးဝန်ကြီးဌာန တစ်ခုတည်းက လုပ်လို့ရတာမဟုတ်ဘဲနှင့် နိုင်ငံတော်အဆင့်၊ နိုင်ငံတော်အစိုးရအနေနဲ့ ဆောင်ရွက်မယ့်ကိစ္စဖြစ်တဲ့အတွက် ဒီမေးခွန်းကို ဖြေဖို့နဲ့ ဒီမေးခွန်းအရ ဆောင်ရွက်ဖို့

ဆိုလို့ရှိရင် National Conplection Plan အနေနဲ့လည်း ဆိုင်တဲ့ကိစ္စဖြစ်တဲ့အတွက် ဒီမေးခွန်းကို သေသေချာချာမှတ်သားပြီးတဲ့အခါမှာ သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးနဲ့ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက်လည်း ဆက်လက်ကြိုးပမ်းမှာ ဖြစ်ပါတယ်။

**ဘိန်းစိုက်ပျိုးမှုပပျောက်ရေး၊ အစားထိုးစိုက်ပျိုးရေးနှင့် အလုပ်အကိုင်ရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခွန်မောင်သောင်း(ပင်လောင်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးအမှူးပြုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံးကို ကျွန်တော့်အနေနဲ့ အထူးလေးစားကြောင်း၊ ဂါရဝပြုကြောင်း ဦးစွာတင်ပြလိုပါတယ်။ ကျွန်တော်ကတော့ ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်သောင်း ဖြစ်ပါတယ်။ ဆီဆိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကိုရဲ့ ကိုယ်စား မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ မေးခွန်းမေးမြန်းတဲ့ အကြောင်းကို အတိုချုံးပြီး အနည်းငယ်တင်ပြသွားပါမယ်။ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဘိန်းဟာ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှ၏ မူရင်းသီးနှံမဟုတ်ပါဘူး။ ကိုလိုနီနယ်ချဲ့သမားများနဲ့ နယ်ချဲ့ရာတွင် အတူပါလာသော သီးနှံဖြစ်ကြောင်းကို အိမ်နီးချင်းအင်အားကြီးတစ်နိုင်ငံမှ ဘိန်းကြောင့် လွတ်လပ်ရေးဆုံးရှုံးမှုဖြစ်ရကြောင်းကို သမိုင်းအရ လွှတ်တော်ကိုယ်စားလှယ်များ သိရှိပြီး ဖြစ်ပါတယ်။ ထို့အတူ ကျွန်တော်တို့နိုင်ငံမှာလည်းပဲ ဖြစ်ပေါ်ဖြတ်သန်းခဲ့ပြီးသော အုပ်ချုပ်ရေးစနစ်အမျိုးမျိုးတို့မှ ပဒေသရာဇ်စနစ် ထွန်းကားစဉ်အချိန်ကလည်း ဘိန်းစိုက်ပျိုးရန်၊ ဘိန်းရှုရန် တရားဝင်လိုင်စင်များ ချထားပေးမှုကြောင့် နယ်သူနယ်သားများ တိုင်းရင်းသားနေထိုင်ရာနယ်ပယ်မှာ အကျင့်စာရိတ္တပျက်ပြား ယိုယွင်းလာပြီး ဒုစရိုက်လည်းထူပြောလာကြောင်းကို တွေ့ရမှာ ဖြစ်ပါတယ်။ နောက်ဆုံး လက်နက်ကိုင်ပဋိပက္ခအသွင်သို့ ရောက်ရှိလာတာဟာလည်းပဲ ဘိန်းကြောင့်ပေါ်ပေါက်လာတဲ့ အကြောင်းတရားတစ်ခုပင်ဖြစ်တယ်ဆိုတာလည်း ဘယ်သူမှငြင်းလို့မရပါဘူး။ တိုင်းရင်းသားခေါင်းဆောင်တချို့ဟာ ပဒေသရာဇ်တွေရဲ့ ဆိုးမွေများကို မိမိတို့တိုင်းရင်းသားအပေါ် မကျရောက်အောင် ပဒေသရာဇ်အာဏာစွန့်လွှတ်ရသည်အထိ နိုင်ငံတော်နှင့်လက်တွဲပြီး ပဒေသရာဇ်စနစ်တော်လှန်ရေးပေါ်ပေါက်ခဲ့ကြောင်းကိုလည်း မြန်မာ့သမိုင်းမှာ အထင်အရှားတွေ့ရှိရပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သမိုင်းအရ အရေးကြီးသော စိတ်ကို ပြောင်းလဲစေတတ်သော မူးယစ်ဆေးဝါးဟာ လူသားများအတွက် အညွှန့်တုံးစေပြီး အကျိုးမရှိတဲ့ အတွက် ဘိန်းစိုက်ပျိုးမှုပပျောက်ရေးဟာ အမျိုးသားလှုပ်ရှားမှုအသွင်ဖြင့်လည်းကောင်း၊ အမျိုးသား ရေးတာဝန်တစ်ရပ်အနေဖြင့်လည်းကောင်း ဆောင်ရွက်မှသာလျှင် ပပျောက်နိုင်မည်ဖြစ်ကြောင်း တင်ပြဆွေးနွေးလိုပါတယ်။ သို့သော် ဘိန်းစိုက်ပျိုးမှုပပျောက်ရေးအတွက် အကောင်းဆုံး ဆောင်ပုဒ် အဖြစ် တောင်းလဲမတောင်းနှင့် ပေးလဲမယူနဲ့ဆိုရင် ကောင်းမလားလို့ စိတ်ကူးမိပါတယ်။ ဘိန်းစိုက်ပျိုး တဲ့ဒေသမှာ အဖွဲ့အစည်းပေါင်းစုံ၊ လက်နက်ကိုင်ပေါင်းစုံတို့ လှုပ်ရှားရာဒေသဖြစ်တဲ့အတွက် တရားဥပဒေစိုးမိုးရေးနည်းတဲ့ဒေသလည်း ဖြစ်တဲ့အတွက်ကြောင့်မို့လို့ တင်ပြရခြင်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆီဆိုင်မြို့နယ်အပါအဝင် ဆက်စပ်သောမြို့နယ်များမှ ဒေသခံတိုင်းရင်းသား တို့ရဲ့ ဘဝလှပရေး၊ တစ်သားမွေးတစ်သွေးလှစေရန် ဆန်၊ ဆီ၊ ဆေး၊ ဆား ထောက်ပံ့ရုံမှဖြင့် ဘိန်း စိုက်ပျိုးမှုမှာပပျောက်မှာ မဟုတ်ပါဘူး။ ရေရှည်စီမံချက်ရေးဆွဲပြီး အကောင်အထည်ဖော်ပေးမှသာ လျှင် ဒီကိစ္စက ပပျောက်သွားမယ် အနေအထားဖြစ်ပါတယ်။ တောင်ပေါ်တိုင်းရင်းသားဒေသတွေမှာ ပေါကြွယ်ဝလျက်ရှိပြီးဖြစ်တဲ့ ဘိန်းအစားထိုး သစ်တော်မှတူးဖော်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် အခွင့်အလမ်း များပေါ်ထွန်းနိုင်အောင် စီမံဆောင်ရွက်ပေးမယ်ဆိုရင် တွက်ခြေကိုက်ဈေးကွက်ဝင်သီးနှံများ၊ ဘိန်းအစားထိုးစိုက်ပျိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးမယ်ဆိုရင် ဘိန်းစိုက်မှု ပပျောက်ရေးအတွက် သွားလာမှုလွယ်ကူစေရန် လမ်းတံတားဖောက်လုပ်ပေးခြင်းလုပ်ငန်းရပ်များ စသည့်ဖြင့်လုပ်ငန်းရပ်များကို နိုင်ငံတော်အနေဖြင့် အရှိန်အဟုန်မြှင့်စွာ ဆောင်ရွက်ပေးနိုင်မယ်ဆိုပါက ဒေသခံတိုင်းရင်းသားများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိသွားမှာဖြစ်ကြောင်း တင်ပြရင်း ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကိုရဲ့ကိုယ်စား ဘိန်းစိုက်ပျိုးမှုပပျောက်ရေးအတွက် အစားထိုး စိုက်ပျိုးရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးအတွက် အစိုးရအဖွဲ့မှ မည်သို့မည်ပုံ ဆောင်ရွက်ပေးရန် အစီအမံရှိကြောင်းသိလိုကြောင်း မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့ လွှတ်တော်သို့ တင်ပြမေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**[ဦးဝင်းကို၊ ဆီဆိုင်မဲဆန္ဒနယ်ကိုယ်စား ဦးခွန်မောင်သောင်း၊ ပင်လောင်းမဲဆန္ဒနယ်က မေးမြန်း ပါသည်။]**

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရှမ်းပြည်နယ်၊ ဆီဆိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းကိုရဲ့ ဘိန်းစိုက်ပျိုးမှုပပျောက်ရေး အစားထိုးစိုက်ပျိုးရေးနှင့် အလုပ်အကိုင် ရရှိရေးဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ အစားထိုးစိုက်ပျိုးရေးနှင့်ပတ်သက်ပြီး ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။ မူးယစ်ဗဟိုအဖွဲ့မှာ အစားထိုးသီးနှံစိုက်ပျိုးရေးလုပ်ငန်းအဖွဲ့ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဦးစီးဌာနများ ပါဝင်ဖွဲ့စည်းထားပြီး ဘိန်းစိုက်ပျိုး ထုတ်လုပ်မှုပပျောက်ရေးနှင့် အစားထိုးသီးနှံ စိုက်ပျိုရေးလုပ်ငန်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါ တယ်။ အစားထိုးသီးနှံစိုက်ပျိုးရေးလုပ်ငန်းများအနေနဲ့ ဒေသဝမ်းစာဖူလုံမှုတိုးတက်လာစေရေးနှင့် အမြဲတမ်းဝင်ငွေရရှိစေရေးတို့အတွက် လယ်ယာကဏ္ဍကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်လာစေရန် ယခုနှစ် ၂၀၁၂-၂၀၁၃ ခုနှစ်အတွင်းမှာ စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ မျိုးကောင်းမျိုးသန့်မျိုးစေ့ပေါင်း ၁၃၆၈ တင်း၊ စပ်မျိုးစပါးနှင့် စပ်မျိုးအစေ့ထုတ်ပြောင်း ၆၀၀၃၁၉ ကီလို၊ နှစ်ရှည်သီးနှံပျိုးပင်ပေါင်း ၃၉၂၅ ပင်တို့ကို ဖြန့်ဖြူးပေးခဲ့ပါတယ်။ ထို့အပြင် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးနှံစံပြကွက် ပေါင်း ၁၈၇၃ ဧက၊ သီးနှံမျိုးစမ်းသပ်ကွက်ပေါင်း ၁၄.၇၅ ဧက စိုက်ပျိုးပြသခဲ့ပြီး၊ နည်းပညာသင်တန်း အကြိမ်ပေါင်း ၃၃၄ ကြိမ်၊ သင်တန်းသား ၁၈၀၀၀ ကျော်ကို လေ့ကျင့်ပညာပေးခဲ့ပါတယ်။ ဒေသ အတွင်း စိုက်ပျိုးမြေဧရိယာတိုးချဲ့ခြင်းအတွက် လှပ်မြေ ၁၀၀ ဧက၊ မြေရိုင်း ၄၈၀ ဧကတို့ကို သီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် နည်းပညာအကူအညီများ ဆောင်ရွက်ပေးခဲ့ပါတယ်။ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ဘိန်းစိုက်ပျိုးမှုပပျောက်ရေး၊ အစားထိုးသီးနှံ စိုက်ပျိုးရေးနှင့် အလုပ်အကိုင်ရရှိရေးတို့အတွက် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများကို အောက်ပါအတိုင်း ဆောင်ရွက်ပေးခဲ့ရှိပါတယ်။ ဒေသနှင့်ကိုက်ညီဖြစ်ထွန်းတဲ့ မျိုးကောင်းမျိုးသန့် မျိုးစေ့များကို စိုက်ပျိုးလာနိုင်ကြစေရန် ဆောင်ရွက်ပေးခြင်း။ ဒေသနှင့်ကိုက်ညီဖြစ်ထွန်းတဲ့ သီးနှံမျိုး များရွေးချယ်ရရှိရေးအတွက် သီးနှံစမ်းသပ်ကွက်များ စိုက်ပျိုးပြသဆောင်ရွက်ခဲ့ခြင်း။ ဒေသနှင့် ကိုက်ညီဖြစ်ထွန်းအောင်မြင်တဲ့ သီးနှံများကို သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုး ထုတ်လုပ်ပြီး၊ သီးနှံအထွက်နှုန်းတိုး၍ ဝင်ငွေတိုးတက်ရစေရန် ရည်ရွယ်ပြီး သီးနှံစံပြကွက်များကို

စိုက်ပျိုးပြသခြင်း။ တောင်သူလယ်သမားများကိုယ်တိုင် မျိုးကောင်းမျိုးသန့်များ၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များကို လက်တွေ့ကျင့်သုံးစိုက်ပျိုးလာနိုင်စေရန် ပညာပေးလေ့ကျင့်ပေးခြင်း။ သီးနှံစံပြကွက်များပြုလုပ်၍ လက်တွေ့ပြသစိုက်ပျိုးခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ဘိန်းစိုက်ပျိုးတဲ့ဒေသတွေမှာ တောင်ယာခုတ်ထွင် စိုက်ပျိုးမှုကိုလျှော့နည်းစေပြီး၊ ရေရှည်တည်တံ့ခိုင်မြဲတဲ့ စိုက်ပျိုးမှုနည်းစနစ်များဖြင့် စိုက်ပျိုးလုပ်ကိုင်လာနိုင်ကြစေရန် မြေယာအသုံးချမှုနည်းစနစ်မှန်ကန်ရေး၊ တောင်စောင်းနေရာများမှာ ကန်သင်းကန့် စိုက်ပျိုးရေးစနစ်၊ ကွန်တိုအလိုက် စိုက်ပျိုးတဲ့စနစ်များကို ဖွံ့ဖြိုးတိုးတက်လာစေရန်ကိုလည်း နည်းပညာများ အားပေးကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ သီးနှံများစိုက်ပျိုးထုတ်လုပ်ရာမှာလည်း တစ်နှစ်တစ်ရာသီ စိုက်ပျိုးခြင်းစနစ်မှ သီးထပ်၊ သီးညှပ်များကို ရရှိသည့်သဘာဝရာသီဥတု အခြေအနေများနှင့်ကိုက်ညီ စိုက်ပျိုးလာနိုင်စေရန် လက်တွေ့စိုက်ပျိုးပြသကူညီပေးလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ အစားထိုးသီးနှံစိုက်ပျိုးရေးလုပ်ငန်းအနေဖြင့် ဘိန်းစိုက်ပျိုးမှုများ တဖြည်းဖြည်းလျော့နည်းလာလျက် ရေရှည်မှာ လုံးဝပျောက်ကွယ်ပြီး စိုက်ပျိုးရေးကဏ္ဍမှ လယ်ယာကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေဖို့ ဒေသနေပြည်သူများ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရေး၊ လယ်ယာထွက်ကုန် ပိုမိုထွက်ရှိရေး၊ လယ်ယာကုန်ထုတ်လုပ်ငန်းများမှ ဒေသဝမ်းစာဖူလုံမှုရရှိစေရေးနှင့် ရေရှည်မှာ နှစ်ချင်းသီးနှံ၊ နှစ်ရှည်သီးနှံစိုက်ခင်းများရဲ့ ပုံမှန်ဝင်ငွေရရှိစေရေးအတွက် အခွင့်အလမ်းများ တိုးတက်ဖြစ်ပေါ်လာစေဖို့အတွက် အလေးအနက်ထားအားပေးကူညီဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**နိုင်ငံတော်အတွင်း အလုပ်လက်မဲ့ဖြစ်နေသော ဘွဲ့ရလူငယ်များ အလုပ်အကိုင်ရရှိရေးအတွက် နိုင်ငံတော်မှ စီမံဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဆင်းရဲနွမ်းပါးမှုပပျောက်ရေး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျတဲ့ ပြည်သူတွေမျှော်လင့်နေတဲ့ ပြည်သူများ အလုပ်အကိုင်ရရှိရေးအတွက် မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ လူဦးရေ သန်း ၆၀ ကို အခြေခံပြီး

တော့ ဖြစ်ပေါ်လာတဲ့ ယောကျ်ားဦးရေအရေအတွက် အမျိုးသမီးဦးရေအရေအတွက် ဒီကနေမှ ကျွန်တော်တို့ မူလတန်းတက်နေတဲ့ ကလေးတွေ၊ အလယ်တန်းတက်နေတဲ့ လူငယ်တွေ၊ တက္ကသိုလ် တက်နေတဲ့ လူငယ်တွေရဲ့ အရေအတွက်တွေ ဒီကနေ ကျွန်တော်တို့ တစ်ဆက်တည်းပဲ နိုင်ငံတော်မှာ တပ်မတော်သားမပါဘဲနဲ့ အရာထမ်းအရေအတွက်၊ အမှုထမ်းအရေအတွက် ဒီကနေမှ နိုင်ငံတော် တစ်ဝန်းမှာရှိတဲ့ စက်ရုံပေါင်း၊ အလုပ်ရုံပေါင်း၊ ဒီစက်ရုံအလုပ်ရုံမှာ အလုပ်လုပ်နေတဲ့ ဝန်ထမ်းတွေရဲ့ အရေအတွက် ပြည်ပမှာသွားပြီးတော့ လုပ်ကိုင်နေတဲ့ နိုင်ငံသားများရဲ့ အရေအတွက် ဒါတွေ ကျွန်တော် ကိန်းဂဏန်းတွေကို မတင်ပြတော့ပါဘူး။ ဒါတွေကို သုံးသပ်ကြည့်မယ်ဆိုရင် နိုင်ငံအတွင်းမှာ အလုပ် လက်မဲ့ဖြစ်နေတဲ့ ပညာတတ်များစွာရှိပါတယ်။ ဒါတွေကို ပြည်သူလူထုက အလုပ်လက်မဲ့ အလုပ်အကိုင် ရရှိရေးအတွက် မျှော်လင့်နေတဲ့အချိန်ကာလဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၁ မှာ နိုင်ငံတော်အစိုးရဟာ အလုပ်အကိုင်ရရှိရေးအတွက် လျော့နည်းစေဖို့အတွက် ကူညီမယ်လို့ ပါပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ရဲ့ အမျိုးသားစီမံကိန်းမှာ အလုပ်သမားဝန်ကြီးဌာနအနေနဲ့ သင့်တော်ကောင်းမွန်သော အလုပ်အကိုင်ရရှိရေးကို နိုင်ငံတော်ရည်မှန်းချက်တစ်ရပ်အဖြစ် မပြတ် ဆောင်ရွက်ရေးဆိုပြီးတော့ ဖော်ပြထားတာကိုလည်းတွေ့ရပါတယ်။ လူငယ်များရဲ့ အလုပ်အကိုင်အခွင့် အလမ်းရရှိရေးနဲ့ပတ်သက်ပြီးတော့ နိုင်ငံတော်အစိုးရရဲ့ မျှော်မှန်းထားချက်ကို ပြည်သူလူထုကို ထင်သာမြင်သာဖြစ်အောင် ဖော်ပြပေးစေလိုပါတယ်။ ဒါကြောင့် ကျွန်တော်မေးမယ့်မေးခွန်းကတော့ နိုင်ငံတော်အတွင်း အလုပ်လက်မဲ့ဖြစ်နေတဲ့ ဘွဲ့ရပညာတတ်လူငယ်များ၊ အခြေခံပညာအဆင့် လူငယ် များနဲ့ နောင်နှစ်စဉ် နိုင်ငံတော်ကနေ မွေးထုတ်လာမယ့် တက္ကသိုလ်အသီးသီးက ဘွဲ့ရလူငယ်တွေကို နိုင်ငံတော်အနေနဲ့ ဘယ်လိုအလုပ်အကိုင် ဆောင်ရွက်ပေးမယ်ဆိုတဲ့ နှစ်တိုနှစ်ရှည်မျှော်မှန်းထားချက် များကို သိရှိလို၍ မေးမြန်းခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာ ဒေါ်ခင်စန်းရီ(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များရှင်။ ကျွန်မကတော့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီဖြစ်ပါတယ်ရှင်။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး တင်သွင်းတဲ့ နိုင်ငံတော်အတွင်းအလုပ်လက်မဲ့ ဖြစ်နေသော ဘွဲ့ရလူငယ်များ၊ အခြေခံပညာအဆင့် လူငယ်များနှင့် နောင်နှစ်စဉ် နိုင်ငံတော်မှ မွေးထုတ်ပေးမည့်တက္ကသိုလ်အသီးသီးမှ ဘွဲ့ရလူငယ်များအတွက် အလုပ်အကိုင်ရရှိရေး နိုင်ငံတော်မှ ဆောင်ရွက်ပေးမည့်အစီအစဉ်နှင့်ပတ်သက်၍ သိရှိလိုပါကြောင်း မေးခွန်းကို ဖြေကြားရှင်းလင်းမှာ ဖြစ်ပါတယ်ရှင်။ နိုင်ငံတော်ရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများမှာ အပြန်အလှန်ဆက်စပ်နေပါတယ်။ နိုင်ငံတော်ရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ငွေအရင်းအနှီးရှိမှု၊ နည်းပညာတိုးတက်မှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုတို့ဟာ အလွန်အရေးကြီးပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ကောင်းတွေ များစွာလိုအပ်ပါတယ်။ ဒီလူ့စွမ်းအားအရင်းအမြစ်ရရှိဖို့အတွက် ပညာရေးကဏ္ဍာဟာ ကာလတို၊ ကာလရှည် ရည်မှန်းချက်များ နဲ့ဆောင်ရွက်လျက်ရှိပြီး အခြေခံပညာအဆင့်လူငယ်များနှင့် ဘွဲ့ရလူငယ်များကို နှစ်စဉ်မွေးထုတ်ပေး လျက်ရှိပါတယ်။ ပြီးခဲ့တဲ့ကာလတွေမှာ နိုင်ငံတော်အနေနဲ့ ဘွဲ့ရများနှင့် အခြေခံပညာအဆင့်ရှိသူ အရေအတွက် များများရရှိဖို့ရည်မှန်းခဲ့ပါတယ်။ အခုအခါမှာတော့ အရည်အချင်းပြည့်ဝမှသာ အလုပ် အကိုင်ရရှိနိုင်မှာဖြစ်သလို ဝင်ငွေရရှိနိုင်မှာလည်းဖြစ်တဲ့အတွက် ပညာရေးရည်မှန်းချက်ကို Quality Education ဖြစ်ဖို့ဆောင်ရွက်လျက်ရှိပါတယ်ရှင်။ ဘွဲ့ရလူငယ်များဟာ အလုပ်အလွယ်တကူ ရရှိနိုင်တဲ့ အလုပ်ခန့်ထားနိုင်တဲ့အရည်အချင်းတွေပြည့်ဝဖို့ တစ်နည်းအားဖြင့် Employable ဖြစ်ဖို့နှင့် Professional ဖြစ်ဖို့ ပညာရေးစနစ်ပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်လျက်ရှိပါတယ်ရှင်။ နိုင်ငံတော် အနေနဲ့ ဘွဲ့ရလူငယ်များဟာ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် အစိုးရဌာနများမှာသော်လည်း ကောင်း၊ နိုင်ငံပိုင်လုပ်ငန်းများမှာသော်လည်းကောင်း၊ ပုဂ္ဂလိကလုပ်ငန်းများမှာသော်လည်းကောင်း၊ မိမိကိုယ်ပိုင်လုပ်ငန်းလုပ်တဲ့ စွန့်ဦးတီထွင်သူများသော်လည်းကောင်း ပါဝင်လုပ်ကိုင်ကြဖို့မျှော်မှန်း ထားပါတယ်။

အရင်က အရေအတွက် ဦးစားပေးခဲ့တဲ့အတွက် အလုပ်အကိုင် အဆင်မပြေတဲ့ ဘွဲ့ရလူငယ်တွေ ရှိတာကြောင့် ယခုအခါမှာ တက္ကသိုလ်အသီးသီးက နောင်လာမည့်ကာလမှာ လိုအပ်မယ့်

အလုပ်အကိုင်အခွင့်အလမ်း၊ စီးပွားရေးအခွင့်အလမ်းများပေါ်မူတည်ပြီးတော့မှ လိုအပ်ချက်အတိုင်း မွေးထုတ်နိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဘွဲ့ရလူငယ်များကို Professionals အဆင့် အသက်မွေးဝမ်းကျောင်းပညာတစ်ခု တတ်မြောက်သူများဖြစ်လာရန်လည်းကောင်း၊ နိုင်ငံရဲ့စီးပွားရေး ကိုဦးဆောင်မည့် စွန့်ဦးတီထွင် (Entrepreneurs) များဖြစ်လာရန်လည်းကောင်း မျှော်မှန်းချက်ထားရှိ ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ အလုပ်ခွင်ကျွမ်းကျင်မှု၊ လုပ်ငန်းကျွမ်းကျင်မှုအတွက် နိုင်ငံတကာ အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး လူ့စွမ်းအားဖွံ့ဖြိုးရေးသင်တန်းမျိုး ဝန်ထမ်းအဆင့်အမျိုးမျိုးကို စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိပါတယ်ရှင်။ မြန်မာနိုင်ငံမှာ ဘွဲ့ရလူငယ်များ၊ အခြေခံ ပညာအဆင့်လူငယ်များစွာရှိသော်လည်း အလုပ်ရရှိနိုင်တဲ့ ကျွမ်းကျင်မှုရရှိရေးအတွက် နိုင်ငံတော် အနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ ဆောင်ရွက်လျက်ရှိသလို အသက်မွေးဝမ်းကျောင်းပညာရှင်၊ စီးပွားရေးလုပ်ငန်းဦးဆောင်သူ နိုင်ငံ့ဝန်ထမ်းများ၊ ပုဂ္ဂလိက ဝန်ထမ်းများသာမက အခြားအဆင့် ကျွမ်းကျင်အတတ်ပညာရှင်များနှင့် လုပ်သားများစွာ လိုအပ်နေပါ သေးတယ်။ ဒါကြောင့် အခြေခံပညာအဆင့်လူငယ်များအတွက် အသက်မွေးဝမ်းကျောင်းပညာသင် ကျောင်းများကို အစိုးရက ဒီအသစ်ဖွင့်လှစ်တာတွေ၊ တိုးမြှင့်ဖွင့်လှစ်တာတွေ စီစဉ်လျက်ရှိပါတယ်။ ဝန်ကြီးဌာနအလိုက် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရေးအတွက် သက်ဆိုင်ရာသင်တန်း ကျောင်းအမျိုးမျိုးကို တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါတယ်။ ဥပမာ ဆရာအတတ်သင်ကျောင်းများ၊ သူနာပြုသင်တန်းကျောင်းများ၊ စက်မှုပညာသင်တန်းကျောင်းများ၊ စာရင်းကိုင်ပညာသင်တန်းကျောင်း များ၊ ကွန်ပျူတာသင်တန်းကျောင်းများ အစရှိသည်ဖြင့် သင်တန်းအမျိုးမျိုးဖွင့်လှစ်ပြီးတော့ ကျွမ်းကျင်သူများပိုမိုမွေးထုတ်နိုင်ရေးလည်း ဆောင်ရွက်လျက်ရှိပါတယ်။ တစ်ဖက်မှာလည်း ဒီပုဂ္ဂလိက လုပ်ငန်းရှင်တွေ UMFCCI တို့၊ နောက်ပုဂ္ဂလိကသင်တန်းကျောင်းတွေကိုလည်း လူ့စွမ်းအားအရင်း အမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးမြေတောင်မြှောက်လျက်ရှိပါတယ်ရှင်။ အလုပ်သမား၊ အလုပ် အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှာလည်း ကျွမ်းကျင်လုပ်သား စဉ်ဆက်မပြတ်ရရှိရေး၊ စနစ်တကျ လေ့ကျင့်ပေးခြင်းဖြင့် ထုတ်လုပ်မှုစွမ်းအားမြှင့်တင်စေရေးအတွက် ကျွမ်းကျင်လေ့ကျင့်ရေးသင်တန်း ကျောင်းများကို ဖွင့်လှစ်ပြီးတော့ အစိုးရ၊ ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံများမှာရှိတဲ့ ဝန်ထမ်းများအား အလယ်အလတ်အဆင့် စီမံခန့်ခွဲမှုသင်တန်းနှင့် သက်မွေးပညာသင်တန်းများကို သင်တန်းကြေး အခမဲ့ဖြင့် သင်ကြားပေးလျက်ရှိပြီး အလုပ်အကိုင်ရရှိရေးအတွက်ပါ ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တဲ့အလျောက် အာဆီယံစီးပွားရေးအသိုက်အဝန်းရဲ့

မျှော်မှန်းချက်ဖြစ်တဲ့ ၂၀၁၅ ခုနှစ်မှာ ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာ စီးဆင်းနိုင်ရေးအတွက် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုစနစ်များဖြင့် ကျွမ်းကျင်လုပ်သားများကို ပျိုးထောင်လျက်ရှိပါတယ်။ ဒီလိုမပျိုးထောင်နိုင်ဘူးဆိုရင် ကျွန်မတို့နိုင်ငံကို တခြားကျွမ်းကျင်လုပ်သားတွေ ဝင်လာစရာအကြောင်းရှိပါတယ်။

ထို့အပြင် ကျွန်မတို့ ILO Convention 2 Concerning Unemployment အရ အလုပ်အကိုင်ရှာဖွေရေး ယာယီအကျိုးဆောင်လိုင်စင်တွေကိုလည်း ပုဂ္ဂလိကအေဂျင်စီတွေကို ကျွန်မတို့ထုတ်ပေးနေပါတယ်။ နောက် နိုင်ငံတော်ရဲ့ လူဦးရေ ၆၅ ရာခိုင်နှုန်းသည် အလုပ်လုပ်နိုင်သည့် အသက်အရွယ်ဖြစ်တဲ့အတွက် နိုင်ငံအနေနဲ့တော့ လူ့စွမ်းအားအရင်းအမြစ် အားသာချက်ရှိပါတယ်။ ဒါပေမယ့် တစ်ဖက်မှာ ဒီကျွမ်းကျင်မှု နောက်တစ်ခါ Professionals ဖြစ်မှုဆိုတဲ့ဟာတွေကလည်း အရမ်းအရေးကြီးနေတာဖြစ်တဲ့အတွက် ဒီအသက်အရွယ်အပိုင်းအခြားဟာ အလုပ်လုပ်နိုင်ရုံသာမက ဝင်ငွေရရှိနိုင်အောင် နောက် ပညာရှင်တွေဖြစ်အောင် ပြုစုပျိုးထောင်ရမှာဖြစ်ပါတယ်။

နိုင်ငံတော် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လူတိုင်းစားဝတ်နေရေးဖူလုံမှု၊ ဝင်ငွေရရှိမှုနှင့် အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးပေးမှုဟာ နိုင်ငံအတွက် လွန်စွာအရေးကြီးပါတယ်။ ဝင်ငွေရရှိရေးအတွက် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်သလို အလုပ်အကိုင်အဖြစ်၊ ဝန်ထမ်းအဖြစ်လည်း အသက်မွေးဝမ်းကျောင်းပြုနိုင်ပါတယ်။ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုတွေဝင်လာရင် အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်ပေါက်လာမှာဖြစ်တဲ့အတွက် ဒီရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေမှာ ဒီကျွမ်းကျင်မှုအလိုက် အလုပ်တွေရရှိနိုင်အောင် နိုင်ငံအနေနဲ့ များစွာမှ အရေးကြီးတယ်လို့ယူဆပြီး စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ပရင်းနှီးမြှုပ်နှံမှုနှင့် လုပ်ကိုင်တဲ့ စီးပွားရေးလုပ်ငန်းများမှာ နိုင်ငံသားကျွမ်းကျင်သူအလုပ်သမား အတတ်ပညာရှင်များနှင့် ဝန်ထမ်းများခန့်ထားရာမှာ ပထမ ၅ နှစ်ကုန်ဆုံးချိန်မှာ နိုင်ငံသားအနည်းဆုံး ၂၅ ရာခိုင်နှုန်း၊ ဒုတိယ ၅ နှစ်ကုန်ဆုံးချိန်မှာ အနည်းဆုံး ၅၀ ရာခိုင်နှုန်းနှင့် တတိယ ၅ နှစ်ကုန်ဆုံးချိန်မှာ ၇၅ ရာခိုင်နှုန်းခန့်ထားရန်နှင့် ထိုသို့ခန့်ထားနိုင်ရေးအတွက် နိုင်ငံသားဝန်ထမ်းများအား လုပ်ငန်းကျွမ်းကျင်မှု တိုးတက်လာစေရေးအတွက် လေ့ကျင့်ပေးခြင်း၊ သင်တန်းပေးခြင်းတို့ကို စီစဉ်ဆောင်ရွက်ရန် ကျွမ်းကျင်မှုမလိုသောလုပ်ငန်းများတွင် နိုင်ငံသားများကိုသာ ခန့်ထားရန်စတဲ့ အစီအစဉ်တွေကို ဥပဒေထဲမှာ ထည့်သွင်းပြဋ္ဌာန်းထားတာတွေရှိပါတယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်လာတာနှင့်အမျှ အလုပ်အကိုင် အခွင့်အလမ်းများပွင့်လင်းလာမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍများသာမက ကျေးလက်ဖွံ့ဖြိုးရေးနှင့်

ဆင်းရဲနွမ်းပါးမှုပပျောက်ရေး အစီအစဉ်များ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ အစိုးရအဖွဲ့ အစည်းများတွင်သာမက ပြည်တွင်းပြည်ပ NGO နဲ့ Civil Society တွေမှာ ကျွမ်းကျင်တဲ့ဘွဲ့ရများ၊ ကျွမ်းကျင်တဲ့လုပ်သားများစွာ လိုအပ်ပါတယ်။ ပုဂ္ဂလိက လုပ်ငန်းများ ဒေသတွင်း နိုင်ငံတကာယှဉ်ပြိုင် နိုင်ရေးအတွက် စီးပွားရေးလုပ်ငန်း ဦးဆောင်သူများ၊ စီးပွားရေးပညာကျွမ်းကျင်သူများလည်း များစွာ လိုအပ်နေပါတယ်။ ဒါကြောင့် တစ်ဖက်မှာလည်း ဘွဲ့ရလူငယ်များအနေနဲ့ အခြေခံပညာအဆင့်လူငယ် များဟာ အလုပ်အကိုင်ရရှိရေးအတွက် ဒီသက်ဆိုင်ရာ လုပ်ငန်းတွေက လက်ခံနိုင်တဲ့ အရည်အချင်း၊ အရည်အသွေးပြည့်မီအောင် မိမိကိုယ်တိုင်က တက်တက်ကြွကြွ အစဉ်ကြိုးစားဖြည့်ဆည်းနိုင်ရန် လိုပါတယ်။ လူငယ်များအနေနဲ့ ခံယူချက်ကောင်းကောင်းနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာအခန်းကဏ္ဍမှ ပါဝင်လိုတဲ့ စိတ်ဓာတ်၊ ဦးဆောင်လိုတဲ့ စိတ်ဓာတ်ကောင်းများ ရရှိရေးအတွက် ကျွန်မတို့အားလုံး ဝိုင်းဝန်းပျိုးထောင် ဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း ရှင်းလင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယနေ့ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးမေးတဲ့ မေးခွန်းနဲ့ စီမံစီးပွား ဝန်ကြီးဌာနဖြေတဲ့ အဖြေများကို သက်ဆိုင်ရာနည်းဥပဒေအရ နိုင်ငံတော်ပြန်တမ်းမှာ ထည့်သွင်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ လွှတ်တော်ကို ပြန်လည်တင်ပြချင်တာ ကတော့ ဆရာမကြီး ဒေါက်တာ ဒေါ်ခင်စန်းရီ ဆွေးနွေးသွားတဲ့ Professional ဖြစ်ဖို့၊ Employable ဖြစ်ဖို့၊ Quality ရှိအောင်ဆောင်ရွက်ပေးဖို့အပြင် လိုအပ်မယ်လို့ ယူဆတဲ့ Vocational ကိစ္စများပါ လိုအပ်မယ်လို့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ ခုနက ဆွေးနွေးသွားတဲ့ အကြောင်းအရာများ ပါဝင်တဲ့ ပညာရေးစနစ်၊ ပညာရေးဥပဒေဟာလည်း အမြန်ပေါ်ပေါက်လာဖို့ လိုပါတယ်။ ဒါကြောင့် ကျွန်တော်တို့ လွှတ်တော်မှာ ဖွဲ့စည်းထားတဲ့ ပညာရေးမြှင့်တင်မှုကော်မတီနဲ့ ပညာရေးကို အင်မတန် စိတ်ဝင်စားပြီးတော့ စွမ်းဆောင်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့လည်း ပြည်သူများရဲ့ အားကို ပူးပေါင်းပြီးတော့ ပညာရေးစနစ်၊ ပညာရေးဥပဒေသစ်တစ်ခု ဖြစ်ပေါ်လာရေးအတွက်လည်း ဦးစားပေး ရေးဆွဲတင်ပြဖို့ လိုကြောင်း လွှတ်တော်မှတစ်ဆင့် တင်ပြအပ်ပါတယ်။

## အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် အမျိုးသား

## အစားအသောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၈ အရ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်း၍ အတည်ပြုပြီးသော မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနဲ့ အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းကို ၁-၃-၂၀၁၃ ရက်နေ့တွင် လက်ခံရရှိပါတယ်။ ယင်းဥပဒေကြမ်း၏ မိတ္တူများကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းနိုင်ရန်နှင့် ကိုယ်စားလှယ်များထံလေ့လာနိုင်ရန် ဖြန့်ဝေထားကြောင်း အသိပေးတင်ပြအပ်ပါတယ်။

## ဦးကျော်နိုင်ဌေး၊ အင်းတော်မဲဆန္ဒနယ်က မတရားအသင်းများ အက်ဥပဒေ(၁၉၀၈ ခုနှစ် အိန္ဒိယ အက်ဥပဒေ ၁၄)ကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အင်းတော် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နိုင်ဌေးက ဥပဒေကြမ်းတစ်ခုပေးပို့ထားပါတယ်။ ထိုဥပဒေကြမ်းကို လွှတ်တော်က လက်ခံဆွေးနွေးနိုင်ဖို့ အဆိုတင်သွင်းရန် ဦးကျော်နိုင်ဌေးအား ဖိတ်ခေါ်ပါတယ်။

**ဦးကျော်နိုင်ဌေး(အင်းတော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားဂါရဝထားကြောင်းပါ။ ကျွန်တော် အင်းတော် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နိုင်ဌေးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေများနဲ့အညီ ဥပဒေကြမ်းတစ်ခုကို အဆိုအဖြစ်နဲ့ ယနေ့ တင်သွင်းမှာဖြစ်ပါတယ်။ ကျွန်တော် တင်သွင်းလိုတဲ့ ဥပဒေကြမ်းရဲ့ အမည်က မတရားအသင်းများအက်ဥပဒေ (၁၉၀၈ ခုနှစ် အိန္ဒိယဥပဒေအမှတ် ၁၄) ကို ပြင်ဆင်သည့်ဥပဒေ ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တင်သွင်းလိုတဲ့ ဥပဒေမူကြမ်းကို ယခင်နှစ်များက ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပြီး ဖြစ်ပါတယ်။ ယခု ကျွန်တော်တင်သွင်းမယ့် ဥပဒေကြမ်းကို ဦးစွာ ပထမဖတ်ကြားပါမယ်ခင်ဗျား။ မတရားအသင်းများအက်ဥပဒေ(၁၉၀၈ ခုနှစ် အိန္ဒိယဥပဒေအမှတ်

၁၄)ကို ပြင်ဆင်သည့်ဥပဒေ ပုဒ်မ ၁ ဤဥပဒေကို မတရားအသင်းများအက်ဥပဒေ (၁၉၀၈ ခုနှစ် အိန္ဒိယအက်ဥပဒေအမှတ် ၁၄) ကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။ ပုဒ်မ ၂ မတရားအသင်းများအက်ဥပဒေ (၁၉၀၈ ခုနှစ် အိန္ဒိယအက်ဥပဒေအမှတ် ၁၄) ပုဒ်မ ၁၈ ၏ နောက်တွင် ပုဒ်မ ၁၉ အဖြစ် အောက်ပါစကားရပ်များကို ဖြည့်စွက်ရမည်။ ဤဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ တစ်ဦးတစ်ယောက်ဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ဖြစ်စေ မိမိ၏နေ့စဉ် ပုံမှန်စားသောက်သွားလာလုပ်ကိုင်ဆောင်ရွက်မှုအတွက်သော်လည်းကောင်း မိမိ၏ အသက်ဘေးအန္တရာယ်ကို ဥက္ကဋ္ဌကြီးနဲ့ လေးစားအပ်သော ကိုယ်စားလှယ်များခင်ဗျား ဒီနေရာမှာ မိမိ၏ အသက်ဘေးအန္တရာယ်ကိုရဲ့ နောက်မှာ Typing Error ကြောင့် ရုတ်ချည်းဆိုတဲ့စကားရပ်က ကိုယ်စားလှယ်များကို ဖြန့်ဝေတဲ့ စာရွက်ထဲမှာ ကျန်ရှိနေပါတယ်။ ရုတ်ချည်းဆိုတာ မိမိ၏ အသက်ဘေးအန္တရာယ်ကို အနောက်မှာ ရုတ်ချည်းဆိုတဲ့ စကားရပ်ကို ဖြည့်သွင်းစေလိုပါတယ်ခင်ဗျား။ ကျွန်တော် ပြန်လည်ပြီးဖတ်ပြပါမယ်။ ဤဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းစေကာမူ တစ်ဦးတစ်ယောက်ဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ဖြစ်စေ မိမိနေ့စဉ် ပုံမှန်စားသောက် သွားလာမှုအတွက်သော်လည်းကောင်း၊ မိမိ၏ အသက်ဘေးအန္တရာယ်ကို ရုတ်ချည်း ကြောက်ရွံ့ရသည့်အတွက်သော်လည်းကောင်း မတရားအသင်းများနှင့် ဆက်နွယ်ပတ်သက်ဆောင်ရွက်ရခြင်းသည် ဤဥပဒေအရပြဋ္ဌာန်းသည့် ပြစ်မှုများတွင် အကျုံးမဝင်ဟု မှတ်ယူရမည့်အပြင် တရားစွဲဆိုခြင်း မခံထိုက်စေရ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား။ မိမိဖတ်ကြား တင်ပြခဲ့တဲ့ ဥပဒေကြမ်းမှာ ကျွန်တော်တို့ Format အရ မျဉ်းအရှည်ဟာ နှစ်ကြောင်းဖြစ်နေပါတယ်။ ဒါကိုလည်းပဲ တစ်ကြောင်းတည်းအဖြစ်နဲ့ ကိုယ်စားလှယ်တော်ကြီးများ မှတ်ယူပေးစေလိုပါတယ်ခင်ဗျား။ ယခု ကျွန်တော့်အနေနဲ့ ဒီဥပဒေကြမ်းကို တင်သွင်းရတဲ့အကြောင်းများကို အနည်းငယ် ရှင်းပြလိုပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့ဥပဒေတွေကို ပြဋ္ဌာန်းတယ်ဆိုတာ ခေတ်စနစ်နဲ့အညီ ပြဋ္ဌာန်းတာဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ ပြည်သူတွေရဲ့အကျိုးအတွက် ဥပဒေများကို ပြဋ္ဌာန်းရခြင်းဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့ပြဋ္ဌာန်းတဲ့ဥပဒေများဟာ မိမိတို့နိုင်ငံသူနိုင်ငံသားပြည်သူများကို အကျိုးပြုနိုင်ဖို့ပဲ ဖြစ်ပါတယ်။ အဲဒီလို ပြည်သူတွေကို စောင့်ရှောက်အကျိုးပြုနိုင်ဖို့ဆိုရင် ပြည်သူတွေရဲ့ နေ့စဉ်ဘဝမှာ ရှာဖွေစားသောက်မှုကို အဟန့်အတားလုပ်နေတဲ့ အပြုအမူတွေကိုလည်းပဲ တားဆီးနိုင်ဖို့ရာ ဥပဒေပြဋ္ဌာန်းကြရပြန်ပါတယ်။ ပြည်သူတွေကို ဒုက္ခပေးနေတာတွေကို ကာကွယ်ဖို့ရာအတွက် ဒုက္ခပေးတဲ့သူတွေကို အရေးယူနိုင်ရန်အတွက် ကာကွယ်ဖို့ ဥပဒေ ကျွန်တော်တို့ ပြဋ္ဌာန်းကြရပါတယ်။

ဒီမူလက ကျွန်တော်တို့ ဥပဒေဟာဖြင့်ရင် ယခု ကျွန်တော်က ပြင်ဆင်တဲ့အနေနဲ့ ဥပဒေကြမ်းကို တင်သွင်းတာဖြစ်ပါတယ်။ မူရင်းဥပဒေကတော့ဖြစ်ရင် ကျွန်တော်တို့ ၁၉၀၈ ခုနှစ်မှာတုန်းက ပြဋ္ဌာန်းခဲ့တဲ့ ၁၉၀၈ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်နေ့မှာ အဲဒီခေတ်၊ အဲဒီအခါက ကျွန်တော်တို့ နိုင်ငံတော်လွတ်လပ်ရေးမရသေးတဲ့အတွက် အိန္ဒိယအက်ဥပဒေအမှတ် ၁၄ အဖြစ်နဲ့ ပြဋ္ဌာန်းခဲ့တာ ဖြစ်ပါတယ်။ မူရင်းပြဋ္ဌာန်းစဉ်က အင်္ဂလိပ်လိုဖြစ်ပေမယ့် ကျွန်တော်တို့ ယနေ့အထိလည်း ကျွန်တော်တို့ နိုင်ငံမှာ အတိတ်က ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေများဟာ ယနေ့အချိန်အထိ အသုံးဝင်ဆဲဖြစ်နေတဲ့အခါမှာ မူရင်းပြဋ္ဌာန်းချက် အင်္ဂလိပ်လိုပြဋ္ဌာန်းချက်အတိုင်းပဲ လိုက်နာပြီးတော့မှ သုံးစွဲလျက်ရှိပါတယ်။ ဥပဒေရဲ့အမည်ကတော့ ၁၉၀၈ ခုနှစ်မှာ The Unlaw Force Association Act ခေါ်ဆိုခြင်းဖြစ်ပါတယ်။ ဒီဥပဒေမှာ ပုဒ်မ ၁၆ မှာ ပြဋ္ဌာန်းထားချက်ကတော့ဖြင့် ပြည်သူရဲ့ ငြိမ်းချမ်းမှုကို အန္တရာယ်ဖြစ်စေရန် တည်ရှိခြင်း၊ တရားဥပဒေရဲ့စိုးမိုးမှုအတွက် ဆောင်ရွက်ချက်များကို အဟန့်အတားလုပ်ခြင်းစတဲ့လုပ်ရပ်မျိုးကို ဆောင်ရွက်တဲ့ အသင်းအဖွဲ့များ Association များကို မတရားအသင်းသော အသင်းအဖွဲ့များဖြင့် သမ္မတကနေပြီးတော့ The President Mail Declare သမ္မတကကြေညာနိုင်တယ်။ အဲဒီလို Sub Association များကို To Be Unlaw Force မတရားအသင်းတွေပါလို့ ကြေညာနိုင်တယ်ဆိုပါတယ်။ တစ်ခါပုဒ်မ ၁၇ (၁)မှာ အဲဒီလို မတရားအသင်းများဖြစ်တဲ့ Unlaw Force Association များ ဒီ Association တွေရဲ့ လုပ်ဆောင်ချက်များမှာ The operation of any Sub Association တွေမှာ တစ်ဦးတစ်ယောက် မည်သူမဆို Who So ever ဟာ in any way assist တစ်နည်းနည်းနဲ့ ကူညီတယ်လို့ဆိုရင် ဒီဥပဒေပုဒ်မ ၁၇(၁)အရ အဲဒီကူညီတယ်လို့ ယူဆရတဲ့လူဟာ နှစ်နှစ်ထပ်မပိုသော သုံးနှစ်ထက်မများသော Shall not be less than two years and more than three years ဆိုပြီးတော့မှ ကျွန်တော်တို့ Shall be punished with **အင်ပရာဇောမန့်** ပြစ်ဒဏ်ကျခံရမှာဖြစ်တယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒီပြစ်မှုဒီပုဒ်မကာ ကျွန်တော်တို့ ဒီနေ့ အခက်အခဲတွေ့တာရတဲ့ အချက်ပဲဖြစ်ပါတယ်။ ဒီနေ့ဆိုရင် ကျွန်တော်တို့ ပြည်သူများဟာ လက်နက်ကိုင်သောင်းကျန်သူတွေ ရှိနေတဲ့ဒေသမှာ မလွဲမရှောင်သာ နေထိုင်ကြရမယ့် အနေအထားရှိပါတယ်။ ပြည်သူတွေဟာ နီးရာဓားကို ကြောက်ကြရတယ်။ ဒီတော့ကာ မတရားအသင်းအဖြစ်ကြေညာထားခြင်းခံရတဲ့ လက်နက်ကိုင်သောင်းကျန်သူများရဲ့ အဖွဲ့အစည်းတွေကို ကူညီနေရတဲ့ ဘဝမျိုးတွေကို ရောက်တယ်။ နီးရာဓားကို ကြောက်တဲ့အတွက် ရိက္ခာတောင်းရင်ပေးရတယ်။ ငွေကောက်ခံရင်ဆောင်ကြရတယ်။ ဒီအခါမှာ အထက်ကျွန်တော်တင်ပြခဲ့တဲ့ ဒီဥပဒေပုဒ်မ ၁၇(၁)အရ အကျုံးဝင်နေတဲ့အခါ ဒီပုဒ်မဟာ သာမန်ပြည်သူတွေရဲ့ နေ့စဉ်ဘဝ၊ စားသောက်နေထိုင်မှုကို

အကာအကွယ်ပေးရုံ မဟုတ်တော့ဘဲနဲ့ ပြည်သူတွေကို ဒုက္ခပေးတဲ့ ဥပဒေပုဒ်မ မတရားအသင်းဥပဒေ ပုဒ်မ ၁၇(၁)ဆိုတာ ဖြစ်လာတာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၉၅ ခုနှစ် ဝန်းကျင်မှာ ကျွန်တော်တို့ ဒီနေ့ ဖားကန့်ရတနာမြေကို ကျွန်တော် ဆွေမျိုးများရှိရာကို ရောက်သွားဖူးပါတယ်။ အဲဒီအခါကတော့ လုံးခင်းဆိုတာ မြို့နယ်ဖြစ်ပါတယ်။ အဲဒီနယ်မြေကို ကျွန်တော်သွားတဲ့အခါမှာ ရိုးရိုးသာမန်သွားရုံ မဟုတ်ပါဘူး။ အဲဒီအခါက မှော်နင်းလက်မှတ်လို့ခေါ်တဲ့ လက်နက်ကိုင်သောင်းကျန်သူများက ကောက်ခံတဲ့ ငွေကြေးကို ပေးပြီးတော့ ကျွန်တော်ဟာ အဲဒီနယ်မြေကို သွားလာတဲ့လက်မှတ်ကို ကိုင်ဆောင်ထားရပါတယ်။ တစ်ဖက်ကလည်းပဲ မိမိရဲ့နေ့စဉ်သွားလာရေးအတွက် ခုနက ပြောတဲ့ အသင်းအဖွဲ့များကို ကူညီအားပေးသလို ဖြစ်ပြီးတော့မှ ဒီလက်မှတ်ကို ကျွန်တော် ကိုင်ဆောင်ခဲ့ရတဲ့ ဘဝရှိပါတယ်။ ဒါဟာ အကယ်၍များ ပုဒ်မ ၁၇(၁)နဲ့ တရားစွဲဆိုလိုက်မယ်ဆိုရင် ကျွန်တော်က ဒီပုဒ်မမှာ အကျုံးဝင်မှာဖြစ်ပါတယ်။ ဒါကြောင့်လည်းပဲ ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီး ဦးသိန်းညွန့်ဟာ ပြီးခဲ့တဲ့ကာလများက ဒီဥပဒေကြီးကို ရုပ်သိမ်းလိုက်ဖို့ရာအတွက် ရုပ်သိမ်းတဲ့ ဥပဒေကြမ်းကို တင်သွင်းခဲ့တာ ဖြစ်ပါတယ်။ သို့သော် ဥပဒေဟာ ကောင်းတဲ့အပိုင်းတွေလည်း ရှိသလို အချို့အပိုင်းတွေဟာလည်းပဲ လုံးလုံးကြီးရုပ်သိမ်းလိုက်ဖို့ရာ မသင့်သေးဘူးလို့ ကျွန်တော်တို့ လွှတ်တော်ဆုံးဖြတ်လိုက်တဲ့အတွက် ဒီနေ့ ပြင်ဆင်တဲ့ ဥပဒေကြမ်းကို ကျွန်တော့်အနေနဲ့ တင်သွင်း ရခြင်း ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး ဦးသိန်းညွန့် မူလတင်သွင်းစဉ်ကပင် ကျွန်တော့်အနေနဲ့ အလွန်ကျေနပ်အားရပြီးတော့မှ ပြင်ဆင်ချက်အနေနဲ့ ကျွန်တော်တင်သွင်းမယ်လို့ ရည်ရွယ်ချက်ရှိ ပါတယ်။ သို့သော်လည်းပဲ ကိုယ်စားလှယ်တော်ကြီး ဦးသိန်းညွန့်က ဥပဒေကြီးတစ်ခုလုံးကို ရုပ်သိမ်းတဲ့ဥပဒေဆိုပြီး တင်သွင်းလိုက်တဲ့အခါမှာ ကျွန်တော်တို့ ဒီနေ့လို အခြေအနေမျိုးရောက်ပြီး ကျွန်တော့်အနေနဲ့ ပြင်ဆင်ချက်ဥပဒေကို တင်သွင်းရခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဒီလွှတ်တော်မှာပဲ ကျွန်တော်တင်ပြဖော်ပြလိုတာကတော့ ကျွန်တော့်ထက် ဂုဏ်အားဖြင့် ကြီးကျယ်မြင့်မြတ်သော ကိုယ်စားလှယ်တော်ကြီး ဦးသိန်းညွန့်ကို အလွန်အင်မတန်လေးစားပါကြောင်းနဲ့ ကိုယ်စားလှယ် တစ်ယောက်အနေနဲ့ ဂုဏ်ယူကြောင်းကို ကျွန်တော် တင်ပြပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ပြည်သူရဲ့အကျိုးကို ကိုယ်စားလှယ်များ ဆောင်ရွက်တဲ့အခါမှာ အုတ်တစ်ချပ်၊ သဲတစ်ပွင့်ဖြစ်နိုင်စေ ဆိုတဲ့ သဘောနဲ့ ဒီနေ့ ကျွန်တော်ပြင်ဆင်တဲ့ဥပဒေကြမ်းကို တင်သွင်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးနဲ့ လေးစားရပါသော ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ဒီကျွန်တော်တို့ အဲဒီဥပဒေမှာ ၁၇(၁)လို့ ကျွန်တော်အထက်က တင်ပြခဲ့တယ်။ ၁၇(၂)ဆိုတာ ရှိပါသေးတယ်။ အဲဒီ ၁၇(၂)ကကျတော့

ဘာလဲဆိုတော့ အဲဒီလို မတရားအသင်းများမှာ ပါဝင်နေတဲ့သူများကို အရေးယူဖို့ရာ ပြဋ္ဌာန်းထားခြင်း ဖြစ်ပါတယ်။ ယခုကျွန်တော်က ဒီဥပဒေမှာ ပြင်ဆင်ချက်အနေနဲ့ ပြင်ဆင်တဲ့ဥပဒေအနေနဲ့ တင်သွင်း လိုက်တဲ့အခါမှာ ပုဒ်မ ၁၈ အဖြစ်နဲ့ ပုဒ်မတစ်ခုကို ဖြည့်စွက်ပြီးတော့ ပြင်ဆင်ပြဋ္ဌာန်းဖို့ရာ အတွက်ကို ကျွန်တော်တင်သွင်းတာ ဖြစ်ပါတယ်။ ဒီမှာ ပြင်ဆင်ပြဋ္ဌာန်းလိုတဲ့ပုဒ်မက အထက်က ကျွန်တော်ဖတ်ပြ သလို အနည်းငယ်အရပ်သဘောနဲ့ ရှင်းပြရမယ်ဆိုရင် သာမန်ပြည်သူတစ်ယောက်က နေ့စဉ်ဘဝ စားသောက်နေထိုင်မှုအတွက်ကို သွားလာတယ်။ အထက်က ကျွန်တော်တင်ပြခဲ့သလို မလွဲမရှောင်သာ ကျွန်တော်က လက်နက်ကိုင် သောင်းကျန်းသူများရှိတဲ့နယ်မြေမှာ သွားလာပတ်သက်ရတဲ့ဘဝကို ရောက်တဲ့အခါမိမိဟာ နေ့စဉ်ပုံမှန်ဘဝအတွက် ဆောင်ရွက်တာဖြစ်ပါတယ်။ အမှန်တကယ် လက်နက်ကိုင် မတရားအသင်းဖြစ်သူများကို အားပေးကူညီလိုခြင်းမရှိပါဘူး။ ထို့အတူပဲ မိမိရဲ့ အသက်ဘေးအန္တရာယ်ကို ကြောက်ရွံ့ပြီးတော့မှ နီးရာခေါးကို ကြောက်ရတဲ့အတွက် ရိက္ခာတောင်းလို့ ပေးလိုက်ရတယ်။ ငွေကြေးတွေကောက်ခံတော့ ပေးလိုက်ရတယ်။ အဲဒီပေးလိုက်ရတဲ့သူများကို အကာအကွယ်ပေးနိုင်ဖို့ အများပြည်သူတွေရဲ့ နေစဉ်ပုံမှန်စားသောက်သွားလာနေရတဲ့ဘဝကို အကာအကွယ်ပေးနိုင်ဖို့ ဒီလိုဥပဒေပုဒ်မ ပြဋ္ဌာန်းချက်ကို ဖြည့်စွက်ပြီး ကျွန်တော့်အနေနဲ့ မတရားအသင်းများအက်ဥပဒေ (၁၉၀၈ ခုနှစ် အိန္ဒိယဥပဒေအမှတ် ၁၄)ကို ပြင်ဆင်တဲ့ဥပဒေကြမ်းကို တင်သွင်းရပါကြောင်း လေးစားစွာတင်ပြရင်းနိဂုံးချုပ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ အဆိုကိုထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအားဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုင်းရယ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စိုင်းသီဟကျော် ဖြစ်ပါတယ်။ ဒီကနေ့ အင်းတော်မဲဆန္ဒနယ်က ဦးကျော်နိုင်ဌေး တင်သွင်းတဲ့ မတရားအသင်းများအက်ဥပဒေ(၁၉၀၈ ခုနှစ် အိန္ဒိယအက်ဥပဒေအမှတ် ၁၄)ကို ပြင်ဆင်တဲ့ဥပဒေမူကြမ်းအား ဤလွှတ်တော်မှ လက်ခံဆွေးနွေးပေးရန်အတွက် ကျွန်တော့် အနေနဲ့ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး တင်သွင်းတဲ့ မတရားအသင်းများအက်ဥပဒေ(၁၉၀၈ ခုနှစ် အိန္ဒိယအက်ဥပဒေ ၁၄)ကို ပြင်ဆင် သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လက်ခံဆွေးနွေးရန်သင့်၊မသင့် ဆုံးဖြတ်ရန်လွှတ်တော်ရဲ့ ဆန္ဒရယူမှာ ဖြစ်ပါတယ်။ အဆိုကိုလက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ** ။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်ကသဘောမတူသူ မရှိတဲ့အတွက် အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး တင်သွင်းတဲ့ မတရားအသင်းများအက်ဥပဒေ (၁၉၀၈ ခုနှစ် အိန္ဒိယအက်ဥပဒေ ၁၄) ကို ပြင်ဆင်သည့်အက်ဥပဒေကြမ်းကို လွှတ်တော်က လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်းနှင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**တပ်မတော်သားကိုယ်စားလှယ်တစ်ဦး**။ ။ ဥက္ကဋ္ဌကြီးတင်ပြပါရစေ။ ဒီမတရားအသင်းအက်ဥပဒေမှာ ပြင်ဆင်ထားတဲ့အထဲမှာ ဤဥပဒေသည် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ တစ်ဦးတစ်ယောက်ဖြစ်စေ၊ အဖွဲ့အစည်း တစ်ရပ်ရပ်ဖြစ်စေ၊ မိမိ၏နေ့စဉ်ပုံမှန် စားသောက်သွားလာ လုပ်ကိုင်ဆောင်ရွက်မှုအတွက်သော်လည်းကောင်း၊ မိမိ၏အသက်အန္တရာယ်ကို ရုတ်ချည်းကြောက်ရွံ့ရသည့်အတွက်သော်လည်းကောင်း၊ မတရားအသင်းများနဲ့ ဆက်သွယ်ပတ်သက် ဆောင်ရွက်ရခြင်းသည် ဤဥပဒေအရ ပြဋ္ဌာန်းသည့်ပြစ်မှုတွင်အကျုံးမဝင်ဟု မှတ်ယူရမည့်အပြင် တရားစွဲဆိုခြင်း ခံထိုက်စေခြင်း မရှိစေရဟုဆိုတဲ့ပြင်ဆင်ချက်မှာ အဆိုတင်သွင်းထားတဲ့သူရဲ့ အဆိုပြုချက်ကို ကျွန်တော်တို့ပြန်လေ့လာမယ်ဆိုလို့ရှိရင် တစ်ဦးတစ်ယောက်ကတော့ သူ့ရဲ့နေ့စဉ်ပုံမှန်သွားလာစားသောက်ဆောင်ရွက်မှုအတွက် အသက်အန္တရာယ်ကို ရုတ်ချည်းကြောက်ရွံ့ရတဲ့အတွက် ဒါမတရားအသင်းရဲ့ စွက်ဖက် ပတ်သက်တယ်ဆိုတာကို လက်ခံနိုင်တဲ့ အနေအထားမျိုးရှိပါတယ်။ သို့သော် အဖွဲ့အစည်းတစ်ရပ်ရပ် ဖြစ်စေဆိုတဲ့အခါမှာတော့ အဖွဲ့အစည်းတစ်ရပ်ရပ်သည် သူ့ရဲ့နေ့စဉ်စားသောက်သွားလာလုပ်ကိုင်ရတဲ့အခါမှာ အသက် အန္တရာယ်နဲ့ စိုးရွံ့မှုဆိုတာထက် သူ့ရဲ့အကျိုးစီးပွားအတွက်ကို ဦးစားပေးပြီးတော့ ဆက်သွယ်မယ့် အနေအထားမျိုးရှိတယ်လို့ ကျွန်တော်တို့အနေနဲ့ ယုံကြည်တဲ့အတွက် ဒီအဖွဲ့အစည်း တစ်ရပ်ရပ်ဆိုတာကိုဖြတ်ပြီး ပြီးတော့အဆိုတင်သွင်းမယ်ဆိုရင်တော့ ကျွန်တော့်အနေနဲ့ ကန့်ကွက်ရန် မရှိကြောင်း တင်ပြအပ်ပါတယ်။လေးစားပါတယ်။

**ဥက္ကဋ္ဌ** ။ ။ ကောင်းပါပြီ။ အခုဒီပြင်ဆင်အဆိုပြုတဲ့ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီကို လွှဲအပ်ပေးပြီး ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအနေနဲ့လည်း ဒီပေါ်သုံးသပ်အကြံပြုပြီးတော့ လွှတ်တော်သို့တင်ပြရန်လိုပါတယ်။ ထိုနည်းတူစွာဘဲ လွှတ်တော်သို့တင်ပြတဲ့အခါမှာ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဆွေးနွေးနိုင်ပါတယ်။ ဒါ့ကြောင့်ခုနက တပ်မတော်သားကိုယ်စားလှယ် အဲ့လိုတင်ပြလာတဲ့အပေါ်မူတည်ပြီးတော့ ပြင်ဆင်အဆိုပြုချက်

တင်ပြနိုင်ကြောင်း တပ်မတော်သားကိုယ်စားလှယ်တင်မကဘူး။ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးပါ ဒီလိုဆောင်ရွက်နိုင်တဲ့အနေအထားမျိုးရှိကြောင်းလည်း လွှတ်တော်ကိုအသိပေးတင်ပြ လိုပါတယ်။

## အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့သော နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေး အဖွဲ့အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် မှာစတင် တင်သွင်းပြီးအတည်ပြုချက်ဖြင့်ပေးပို့သော နိုင်ငံတော်ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေကိုရုတ်သိမ်းသည့် အက်ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့ လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ဖြစ်သော ၁၀-၈-၂၀၁၂ ရက်နေ့တွင် လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပထမအကြိမ်ပြည်သူ့ လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၈) ရက်မြောက်နေ့ဖြစ်သော ၁၆-၈-၂၀၁၂ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာကိုလည်း ဖတ်ကြားရှင်လင်းခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးလိုကြောင်း တင်ပြထားတာရှိပါတယ်။ နိုင်ငံတော် ကောက်ပဲသီးနှံရောင်ဝယ်ရေးအဖွဲ့အက်ဥပဒေကို ရုပ်သိမ်းသည့် အက်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်းမှ အမည်စာရင်းပေးထားပြီး ဥပဒေကြမ်းကော်မတီနဲ့ ညှိနှိုင်းကြရာမှာ ဥပဒေအနေဖြင့် ရုပ်သိမ်းပြီးသီးခြားအဆိုကိုတင်သွင်းရန်ရှိကြောင်း ပြန်လည်တင်ပြ လာပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၅) ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ရပ်နားပါမယ်။ ပထမအကြိမ်

ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်ကျင်းပမယ့်ရက်ကို ထပ်မံကြေညာပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့ ရပ်နားကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၅။**

**အခမ်းအနားမှူး** ။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး** ။ ။ အားလုံးပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[**ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ၁၁း၃၅ နာရီအချိန်တွင် ရပ်နားပါသည်။**]**